# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ စနေနေ့။ Saturday, 21 February 2026 ၁၂၁၀၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ယနေ့ ဖတ်စရာ


**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

စာမျက်နှာ » ၂

**ရောဝတီမြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်**

စာမျက်နှာ » ၅

**ရေအားလျှပ်စစ်မှသည် အနာဂတ်မှာ အမှောင်ခွင်း၍ အလင်းဆောင်ကြမည်**

ဆောင်းပါး စာမျက်နှာ » ၇




ဆိုလာစွမ်းအင် ကီလိုဝပ် ၃၀၀ ထုတ်လုပ်နိုင်သည့် တွံတေးတူးမြောင်း (ဆိုလာ-လျှပ်စစ်ရေတင်) စီမံကိန်းကို တွေ့ရစဉ်။

## ဆိုလာစွမ်းအင် ကီလိုဝပ် ၃၀၀ ထုတ်လုပ်နိုင်သည့် တွံတေးတူးမြောင်း (ဆိုလာ-လျှပ်စစ်ရေတင်) စီမံကိန်းဖွင့်လှစ်

**တွံတေး ဖေဖော်ဝါရီ ၂၀**

(၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တွံတေးတူးမြောင်းမှ မွေးမြူရေးဇုန်သို့ ဆိုလာစနစ်သုံးရေတင်စီမံကိန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မူးလမန်းကျေးရွာအနီးတွင် ကျင်းပသည်။

ယခုဖွင့်လှစ်သည့် တွံတေးတူးမြောင်း (ဆိုလာ-လျှပ်စစ်ရေတင်) လုပ်ငန်းတွင် ကနဦး ရေလိုအပ်ချက် တစ်ရက် ရေဂါလန် ရှစ်သိန်းခန့် ရောက်ရှိနိုင်ရန် တစ်နာရီလျှင် ရေဂါလန် ၆၆၀၀၀ တွန်းတင်နိုင်မည့် ပန့်နှစ်စုံနှင့် အမြင့်တင်၊ အဝေးတွန်းနိုင်မည့် ၇၅ ကီလိုဝပ်မော်တာနှစ်ခုတို့ကို တွဲဖက်ထားကာ မော်တာများ လည်ပတ်နိုင်ရန်


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**





ကြေးမုံ

# နိုင်ငံတော်ကာကွယ်စောင့်ရှောက် ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ပြုလုပ်ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ဦးတည်ချက်များချမှတ်ပြီး အရေးပေါ်ကာလဆိုင်ရာ လုပ်ငန်းစဉ်များ ပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရသည့်ပါတီအား နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု အသိပေးထားသည်။

နိုင်ငံတော်၏တာဝန်ကို စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများအထိ ဖြစ်ပေါ်ခဲ့သည်။ တပ်မတော်အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်း ဖြေရှင်းနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများလျော့ပါးသွားသော်လည်း လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် နိုင်ငံ့တာဝန်ယူထားသည့် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်း မပြုလုပ်နိုင်ခဲ့ပေ။ အလားတူ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ ဆိုးရွားသည့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ခြင်းနှင့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခြောက်လခန့်ကာလအတွင်း အလျင်အမြန်ဆောင်ရွက်ခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံအတွင်း လှိုင်းကြီးလေထန် မုန်တိုင်းထန်သကဲ့သို့ ခက်ခဲကြမ်းတမ်းသောအခြေအနေများကို ယခုမှကြုံတွေ့ခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလမှစ၍ သမိုင်းကြောင်းတစ်လျှောက်၌ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုများ၊ တိုင်းပြည်ပြိုကွဲမည့်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ စသည့် နိုင်ငံတော်နှင့်ပြည်သူကို ထိခိုက်မည့်အခြေအနေများမှ ကာကွယ်စောင့်ရှောက်ပေးပြီး နိုင်ငံတော်ကို ပြန်လည်တည့်မတ် တည်ဆောက်ပေးခဲ့သည်။ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးကို ဆောင်ရွက်ရမည်မှာ အစိုးရ၏ တာဝန်ဖြစ်သော်လည်း နိုင်ငံ၏လိုအပ်ချက်အရ တပ်မတော်အနေဖြင့် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်သည်။

လက်ရှိကာလတွင် တိုင်းပြည်အခြေအနေ သိသာတိုးတက်ကောင်းမွန်လာသည့်အလျောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကိုစတင်ကျင်းပပြီး အပိုင်းသုံးပိုင်းခွဲကာပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲပြုလုပ်ရာတွင် တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်ရေး၊ ဆန္ဒမဲပေးရာတွင် မဲမသမာမှုများမရှိစေရေး၊ အဆင်ပြေချောမွေ့ရေး စသည့် အဘက်ဘက်မှလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် ရွေးကောက်ပွဲတွင် ပြည်သူများ အဆင်ပြေချောမွေ့ပြီး တက်တက်ကြွကြွပါဝင်မဲပေးခဲ့ကြသည်။

မကြာမီကာလတွင် လွှတ်တော်အခင်းအကျင်းများ စတင်ဆောင်ရွက်ကာ လွှတ်တော်လုပ်ငန်းစဉ်များနှင့်အညီ အစိုးရသစ်ပေါ်ထွန်းပြီး ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်တော့မည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အစိုးရများ မည်သို့ပင်ပြောင်းလဲပေါ်ထွန်းလာသည်ဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို သမိုင်းအစဉ်အလာမပျက် ဆက်လက်ကျေပွန်စွာထမ်းဆောင်နေမည်ဖြစ်သည်။

နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသည့် အကြမ်းဖက်အဖျက်သမားများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်၊ နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးအရ ဖြေရှင်းရမည်ဖြစ်သော်လည်း အကြမ်းဖက်လုပ်ရပ် လုပ်ကိုင်နေမှုများကို ရပ်တန့်အောင် ပြုလုပ်ကြရမည်ဖြစ်သည်။ လက်နက်အားကိုးဖြင့် ဒေသခံပြည်သူများအား အတိဒုက္ခရောက်အောင်၊ ကိုယ်ကျိုးစီးပွားဖြစ်ထွန်းအောင် လုပ်ဆောင်နေမှုများကြောင့် ပြည်သူများ ဝန်ထုပ်ဝန်ပိုးဖြစ်နေသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပပေးခဲ့ပြီး ဒီမိုကရေစီလမ်းကြောင်းသစ်ကို ဖော်ဆောင်ပေးခဲ့ပြီးနောက် နိုင်ငံတော်ကာကွယ်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီနိုင်ငံသစ်ကို အစိုးရနှင့်ပြည်သူ အတူလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

၁။ ၂၀၂၆ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့မှ မတ်လ(၁၈) ရက်နေ့အထိ ကျင်းပမည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက် တနင်္လာနေ့မှစ၍ မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်။

## ပုသိမ်မြို့၌ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ ထုတ်လုပ်ခြင်းသင်တန်းဖွင့်လှစ်



ပုသိမ် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) မျိုးစေ့ဌာနခွဲမှ ဒေါက်တာယုမွန်၊ မှော်ဘီမျိုးသန့် ထုတ်လုပ်ရေးခြံမှ ဒေါက်တာရီရီချို၊ မှော်ဘီမျိုးသန့်ထုတ်လုပ်ရေးခြံမှ ဦးစီးအရာရှိ ဒေါ်ငွေငွေမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မျိုးစေ့ဌာနခွဲစိတ်တာဝန်ခံ ဒေါ်ငြိမ်းငြိမ်းတိုးတို့က သင်ကြားပို့ချပေးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မျိုးစေ့ထုတ်တောင်သူ ၈၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ **မေချို**

## ၂၀ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၂ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၉၆၈ | ၈,၃၄၃,၂၀၀ |
| MTSH | ၄,၃၀၀ | ၄,၂၀၀ | ၂,၆၄၈ | ၁၁,၁၃၆,၉၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၃ | ၂၄,၉၀၀ |
| FPB | ၃,၀၅၀ | ၃,၁၀၀ | ၂,၆၄၃ | ၈,၁၅၀,၄၅၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၁၂၁ | ၃၆၃,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၂,၅၄၃ | ၄,၀၆၉,၃၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၂၉ | ၁၁၆,၀၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၀၀ | ၂,၂၁၀ | ၆,၈၅၁,၉၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၁,၀၆၅ | ၂,၈၇၅,၅၀၀ |
| ASPGB(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၄၆ | ၁,၆၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ယနေ့နံနက် ၈ နာရီ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောဝိဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့် အတိုင်းအစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏တစ်နှစ်တာကာလ အတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့် ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသောဘိတ၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကူန္တာဝုဒ၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဇောတ တို့ကလည်းကောင်း၊ သာသနာရေးရာ ကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် စေတိယင်္ဂဏ အစိုးရဓမ္မာစရိယ ဘဒ္ဒန္တနေမိန္ဒာဘိဝံသ၊ ရွှေကျင်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုဇနိန္ဒာလင်္ကာရာ ဘိဝံသ၊ မဟာဒွါရဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဓရ ဘဒ္ဒန္တမေတ္တာနန္ဒ တို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တ ကောသလ္လ၊ ဝေဠုဝန်ဂိုဏ်း ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ဘဒ္ဒန္တအရိယ၊ ရှမ်းပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အ.စ ဓမ္မာစရိယ သာမဏေကျော် ဝိနယဝိဒူ အင်္ဂုတ္တရ နိကာယဝိဒူ ဘဒ္ဒန္တကေသရာလင်္ကာရာ ဘိဝံသ တို့ကလည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားခဲ့သည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလ အတွင်း ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဇောတိသရက ပြန်လည်ရှင်းလင်း လျှောက်ထားပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ လုပ်ထုံးလုပ်နည်းစသည်များ စိစစ်ပြင်ဆင်ရေးအဖွဲ့က စိစစ်ပြင်ဆင်ဖြည့်စွက်ထားသော လုပ်ထုံးလုပ်နည်းစသည်များ၏ ပြင်ဆင်ဖြည့်စွက်ချက်များကို စိစစ်ပြင်ဆင်ရေးအဖွဲ့ အကျိုးတော်ဆောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာ ဘိဝံသက တင်ပြလျှောက်ထား၍ မူကြမ်းအဖြစ် အတည်ပြုချက်ရယူပြီး ဒေသဆိုင်ရာ ကတိကဝတ်များကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဥ္စနာ ဘိဝံသက တင်သွင်းအတည်ပြုချက်ရယူကာ ဒုတိယနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ကွယ်လွန်သူ ဗိုလ်ကြီးတင်ဌေး (ငြိမ်း) အားရည်စူး၍ ဇနီး ဒေါ်တိုးတိုး၊ သား- ဦးကျော်ဖုန်းဝင်း (အကောက်ခွန်မှူး)၊ ဦးမျိုးကျော်ကျော် (သသန)+ ဒေါ်အိသူဇာကို၊ မြေး-မယွန်းပန်းမြတ်ဟေသီ၊ မောင်ကျော်ဇင်ဟိန်း မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ဝေးမြို့ ဖောင်တော်ချက်မဘုရားကြီးမှ တွေ့ရှိရသော ပျူခေတ် ကြေးဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူ လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဖောင်တော်ချက်မဘုရားကြီးမှ တွေ့ရှိရသော ပျူခေတ်ကြေးရုပ်ပွားဆင်းတုတော်တစ်ဆူ လှူဒါန်းခြင်းအတွက် ဂုဏ်ပြုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမျိုးသားပြတိုက်(နေပြည်တော်)၌ ကျင်းပရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖောင်တော်ချက်မဘုရားကြီး၏ ဂေါပကဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖောင်တော်ချက်မဘုရားကြီး ပြုပြင်ရှင်းလင်းရာမှ တွေ့ရှိရသည့် သမိုင်းတန်ဖိုးကြီးမားသည့် ပျူခေတ်ရုပ်ပွားဆင်းတုတော်ကို နောင်မျိုးဆက်သစ်လူငယ်များနှင့် သမိုင်းသုတေသနပညာရှင်များ လေ့လာနိုင်ရန်အတွက် အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လှူဒါန်းပေးသော ဂေါပကအဖွဲ့ဝင်များနှင့် လှူဒါန်းအောင်တိုက်တွန်းပေးကြသော ဌာနဆိုင်ရာများအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ဖောင်တော်ချက်မဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပျူခေတ်ကြေးရုပ်ပွားဆင်းတုတော်တစ်ဆူကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

၂၀၂၅ ခုနှစ် မတ် (၂၈) ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မဘုရားကြီး ပြိုကျခဲ့သဖြင့် ရှင်းလင်းရာမှ ဌာပနာပစ္စည်းများ ပေါ်ထွက်လာသဖြင့် စာရင်းကောက်ယူခဲ့ရာ ဌာပနာပစ္စည်း (၁၀၈၆)ခုကို တွေ့ရှိမှတ်တမ်းတင်ခဲ့ပြီး အဆိုပါဌာပနာပစ္စည်းများမှာ ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ မြေ၊ ခဲ စသည်တို့ဖြင့် ပြုလုပ်ထားကာ ပျူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ မျက်မှောက်ခေတ်ရုပ်ပွားဆင်းတုတော်များနှင့် သတ္တဌာနဌာပနာပစ္စည်းများဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စိစစ်လေ့လာမှုများအရ သိရသည်။



ဌာပနာပစ္စည်းများအနက်မှ ဉာဏ်တော်အမြင့် ၄ ဒသမ ၅ လက်မ၊ ဒူးခွင် အကျယ် ၃ လက်မ အရွယ်အစားရှိသော ပျူခေတ်ကြေးဆင်းတုတော် (စမ္မခံပါထိုင်တော်မူ သပိတ်ပိုက်ရုပ်ပွားဆင်းတုတော်) တစ်ဆူအား ထူးခြားမှုအနေဖြင့် တွေ့ရှိခဲ့ရသည်။

ပျူခေတ်ရုပ်ပွားတော် ဆင်းတုတော်သည် ရှားပါးခြင်းကြောင့် သမိုင်းမှတ်တမ်းထားရှိရန်၊ သုတေသနပညာရှင်များလေ့လာနိုင်ရန်၊ အမျိုးသားအဆင့် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်နှင့် အများပြည်သူများ ဖူးမြော်လေ့လာနိုင်ရန်အတွက် စေတီတော်ကြီးတွင် ပြန်လည်ဌာပနာခြင်းမပြုဘဲ ဘုရားဂေါပကအဖွဲ့က ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒခံယူ၍ အမျိုးသားပြတိုက် (နေပြည်တော်) သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်

**ဟားခါး ဖေဖော်ဝါရီ ၂၀**

(၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ခရိုင်စုပေါင်းရုံးဝင်း အတွင်း၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်တင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားမှခ်ဦးကိုနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်နှင့် ဒေါက်တာချာလီသန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံကို အလေးပြုပြီး သဘာပတိအဖွဲ့ဝင်များက နေရာယူကြကာ သဘာပတိအဖွဲ့ ခေါင်းဆောင် မတူပီမြို့နယ် ကိုယ်စားလှယ် ဒေါ်ဖွာဒေါက နှုတ်ခွန်းဆက်စကား ပြောကြားသည်။



(၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပစဉ်။

## ဖတ်ကြား

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သီရိပျံ့ချီစည်သူ ရာပြည့်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့် ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(ပထမအဆင့်) ရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်က လည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(ဒုတိယအဆင့်) ရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က လည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) ရရှိသူများကို ဒုတိယဝန်ကြီး ဦးရဲတင့်က လည်းကောင်း၊လူမှုရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကို ဒုတိယဝန်ကြီး ဦးအေးထွန်းက လည်းကောင်း၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု(ပထမအဆင့်) ရရှိသူတစ်ဦးနှင့် (ဒုတိယအဆင့်)ရရှိသူနှစ်ဦးတို့ကို ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က လည်းကောင်း၊လူမှုရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) ရရှိသူများကို ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက လည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ ချင်းပြည်နယ်အစိုးရအဖွဲ့အတွက် ပေးအပ်သော DTH စလောင်း အစုံ ၆၀ နှင့် DVB T-2 Set top Box အလုံး ၄၀ တို့ကို ဒုတိယဝန်ကြီးဦးရဲတင့်ကပြည်နယ် လူမှုရေးရာဝန်ကြီးထံ ပေးအပ်ပြီး သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာကာ အခမ်းအနားကို ခေတ္တရပ်နားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများက ခရိုင်စုပေါင်းရုံးဝင်း အတွင်းရှိ (၇၈ )နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာများမှ ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MSME ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ချင်းရိုးရာအကအဖွဲ့များ၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟားခါးမြို့ သာသနာ့ရက္ခိတတပ်ဦးကျောင်းသို့ရောက်ရှိကြရာ ဟားခါးမြို့နှင့် ထန်တလန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟားခါးမြို့ ကျောဘုတ်သာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တပညောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကလေးမြို့ရှိနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

❖ ရွှေဖိုးမှ

၅၉၀ နှင့် ၅၈၅ ဝပ် ဆိုလာ ၅၁၂ ချပ်ဖြင့် တည်ဆောက်ခဲ့ရာ စုစုပေါင်း ပန့်မော်တာ နှစ်စုံအတွက် ကီလိုဝပ် ၃၀၀ ဆိုလာ စွမ်းအင် ထုတ်ပေးနိုင်ကြောင်း သိရသည်။

## ပြန်လည်ပြောကြား

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက နှစ်ချပ်တွဲ အနိမ့်တင် ဆိုလာပန့် ၁၈ စုံကို တွံတေးမြို့နယ်မှ တောင်သူများနှင့် တာဝန်ရှိသူများအား လည်းကောင်း၊ နှစ်ချပ်တွဲ အနိမ့်တင် ဆိုလာပန့် ၁၆ စုံကို ကော့မှူးမြို့နယ်မှ တောင်သူများနှင့် တာဝန်ရှိသူများအား လည်းကောင်း၊ နှစ်ချပ်တွဲ အနိမ့်တင် ဆိုလာပန့် ၃၅ စုံကို ကွမ်းခြံကုန်းမြို့နယ်မှ တောင်သူများနှင့် တာဝန်ရှိသူများအား လည်းကောင်း၊ နှစ်ချပ်တွဲ အနိမ့်တင် ဆိုလာပန့် ၁၀ စုံကို ဒလမြို့နယ်မှ တောင်သူများနှင့် တာဝန်ရှိသူများအားလည်းကောင်း ပေးအပ်ခဲ့ပြီး တောင်သူများကိုယ်စား တွံတေးမွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးတင်ရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဆိုလာစနစ်ဖြင့် တွံတေးတူးမြောင်းမှ မွေးမြူရေးဇုန်သို့ ဆိုလာစနစ်သုံး ရေတင်စီမံကိန်းဖွင့်ပွဲကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး၊ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်၊ တွံတေး မွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးတင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ယင်းနောက် ဖျော်ဖြေရေးအဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများပေးအပ်ပြီး တွံတေးတူးမြောင်းမှ မွေးမြူရေးဇုန်သို့ ဆိုလာစနစ်သုံး ရေတင်စီမံကိန်းကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ရောဝတီမြစ်ဆုံ- မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်






**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ရောဝတီ မြစ်ဆုံ-မြစ်ညာစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။(ယာပုံ)

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်နှင့် ဦးဉာဏ်ထွန်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီဝင်များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က "လှပသော မနော ပျိုမေလေးများ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန MRTV မှ ထုတ်လုပ်သော "နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အရေးပါသော ရေအားလျှပ်စစ်၏ အခန်းကဏ္ဍနှင့် အကျိုးရလဒ်များစွာ ဖြစ်ထွန်းမည့် ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း" Video Clip ကို ပြသသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် အဓိကကျသည့်အတွက် မည်သို့ဖြည့်ဆည်း ဆောင်ရွက်ရမည်ကို ကြံဆစဉ်းစားရန် လိုအပ်လာပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်တိုးတက်နေသည် ဖြစ်သည့်အတွက် လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတိုးတက်ရေး အစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရေအားလျှပ်စစ် စီမံကိန်းများဖော်ဆောင်ရေးကာလမှာ ၅ နှစ်မှ ၁၀ နှစ်ခန့်အထိ ကြာမြင့်မည်ဖြစ်သည့်အတွက် ကြိုတင်စီမံဆောင်ရွက်နိုင်မှသာ အနာဂတ်နိုင်ငံတော်နှင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံနိုင်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန် လျှပ်စစ်မီးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်နှင့်စွမ်းအင်ကို ဖြည့်ဆည်း ဆောင်ရွက်နိုင်မှသာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အနေဖြင့် နေရာဒေသအလိုက် တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက် အလှမ်းဝေးကွာသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

> ❐ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်တိုးတက်နေသည် ဖြစ်သည့်အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်ရေးအစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်ရမည်
>
> ❐ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်နှင့်စွမ်းအင်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်
>
> ❐ ဆည်တမံကြီးများကြောင့် မြစ်ရေကြီးမှု အန္တရာယ်ဘေးမှ ကာကွယ်နိုင်သလို စိုက်ပျိုးရေရရှိရေးကိုလည်း အထောက်အကူပြု

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ကနဦးတည်ဆောက်စကာလတွင် ကုန်ကျစရိတ်အတန်အသင့်ရှိသော်လည်း လည်ပတ်မှုစရိတ်နှင့် လောင်စာဖိုး ကုန်ကျစရိတ်မရှိသဖြင့် လေအား၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဆိုလာတို့ဖြင့် ဆောင်ရွက်သည့်စီမံကိန်းများထက် ကုန်ကျစရိတ်သက်သာသောကြောင့် နိုင်ငံအတွင်း ကြွယ်ဝသည့် ရေအရင်းအမြစ်များအပေါ် အခြေပြု၍ ရေအားလျှပ်စစ် စီမံကိန်းများကို ရနိုင်သမျှ အကျိုးရှိရှိတည်ဆောက်ကြခြင်းဖြစ်ပါကြောင်း၊ ဆည်တမံကြီးများကြောင့် မြစ်ရေကြီးမှု အန္တရာယ်ဘေးမှ ကာကွယ်နိုင်သလို စိုက်ပျိုးရေရရှိရေးကိုလည်း အထောက်အကူပြုပါကြောင်း။

ထို့ပြင် ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဒေသခံ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာနိုင်ကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် မြစ်ဆုံစီမံကိန်းမှ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက်သာ ဦးစားပေးမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲပြီး ပိုလျှံဓာတ်အားကို ပြည်မနှင့် အခြားပြည်နယ်များက တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက် မျှဝေသုံးစွဲသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒသဘောထားကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စီမံကိန်းများ ဖြစ်ထွန်း အောင်မြင်ရေးသည် ဒေသခံ မိဘပြည်သူများ၏ ထောက်ခံအားပေးမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် များစွာမူတည်နေပါသဖြင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေအရင်းအမြစ်စီမံခန့်ခွဲမှုပညာရှင် ဦးဟိန်းထက်က မြစ်များနှင့် ပြတ်ရွေ့များ၏ ဆက်စပ်မှု၊ တမံများ၏ အခန်းကဏ္ဍ၊ ရေအားလျှပ်စစ်နှင့် ရေအရင်းအမြစ် ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဧရိယာများအား စီမံခန့်ခွဲခြင်း၊ စီမံကိန်းဆိုင်ရာ အဓိကအချက်အလက်များ၊ အရည်အသွေး စစ်ဆေးသောလုပ်ငန်းများ၊ တမံ၏ဘေးကင်းမှုကို စောင့်ကြည့်ရန် တိုင်းတာရေးကိရိယာများ တပ်ဆင်ခြင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ငလျင်နှင့် အင်ဂျင်နီယာ ဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က ငလျင်လှုပ်ခတ်ခြင်းနှင့် အကြောင်းအရင်းများ၊ ငလျင်ဒဏ်ခံ ရေလှောင်တမံဒီဇိုင်းပုံစံများ၊ မြစ်ဆုံတမံနှင့် ကမ္ဘာပေါ်ရှိ တမံများနှိုင်းယှဉ်ချက်၊ မြစ်ဆုံတမံ၊ စစ်ကိုင်းပြတ်ရွေ့နှင့် ငလျင်အခြေအနေ၊ ပြတ်ရွေ့အနီးနှင့် ပြတ်ရွေ့ပေါ်ရှိတမံများ (ပြည်တွင်း၊ ပြည်ပ)၊ ငလျင်ဒဏ်ခံ အားကူနည်းစနစ်၊ မန္တလေးငလျင်အပြီး မန္တလေးနှင့် နေပြည်တော်ဒေသရှိ ပြည်တွင်းတမံများ အခြေအနေ စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက ငလျင်ဒဏ်နှင့်ပတ်သက်ပြီး ဒေသခံပြည်သူလူထု စိတ်ပူပန်မှုများကို ပညာရှင်များကလည်း အချက်အလက်များ စုံလင်စွာတင်ပြပြီး ဖြစ်ပါကြောင်း၊ ယခုတည်ဆောက်မည့် ဆည်ကို ၈ မဂ္ဂနီကျူဒဏ်ခံနိုင်သည့် ဒီဇိုင်းများအဖြစ် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးနိုင်မှုနှင့် ရည်မှန်းချက်ထားဆောင်ရွက်မှု၊ ၂၀၃၀ ပြည့်နှစ်အထိ ဖြစ်ပေါ်လာမည့် စက်တပ်ဆင်အင်အား၊ ထုတ်လုပ်နိုင်မည့် ဓာတ်အားနှင့် ထုတ်လုပ်ပေးရမည့် နှစ်စဉ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကို ဒေသခံပြည်သူများက ပြန်လည်လက်ခံပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပါက လျှပ်စစ်မီး လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မြစ်ဆုံစီမံကိန်းအား နည်းပညာပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်မည့်အခြေအနေ၊ ဆည်မြောင်းမှ ရေလှောင်တမံများနှင့် မန္တလေးငလျင်ကြီး၊ တည်ဆောက်ပြီးတမံများတွင် အရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေး စီမံချက်၊ မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှု ကာကွယ်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြစ်ဆုံစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ ရောဝတီလင်းပိုင်နှင့် ငါးမျိုးစိတ်များအပေါ် ထိရောက်မှုမရှိနိုင်ခြင်း စသည့် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စီမံကိန်းဧရိယာတွင်ပါဝင်မည့် ဒေသခံပြည်သူများ၏ နစ်နာကြေး၊ လျော်ကြေးများဆိုင်ရာကိစ္စ၊ ပြောင်းရွှေ့နေရာချထားမှုဆိုင်ရာများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုအနေဖြင့် မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြစ်ဆုံလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ်တန်ဖိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် "တစ်ထပ်တည်း မကျရောက်ရင် တစ်လိုင်းတည်းမှာ" လက်တွဲသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်ခွဲဘူက မိမိတို့ပြည်နယ်သည် အချက်အချာကျသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ရေအားလျှပ်စစ်သာ ရရှိခဲ့မည်ဆိုလျှင် အိပ်မက်များကို အကောင်အထည်ဖော်သွားနိုင်မည် ဖြစ်ပါကြောင်း၊ အနာဂတ်အတွက် အပြောင်းအလဲဖြစ်သွားမည်ကို စိုးရိမ်မှုမရှိဘဲ အပြောင်းအလဲကို လက်ခံရန် လိုအပ်ပါကြောင်း၊ အပြောင်းအလဲကို လက်ခံသည့်နေရာတွင်လည်း မှန်ကန်သည့်ဆုံးဖြတ်ချက်နှင့် ပူးပေါင်းပါဝင်မှုဖြင့် ကိုယ်တိုင်လက်တွဲပူးပေါင်းပြီး အပြောင်းအလဲကို ဖော်ဆောင်မှသာ မိမိတို့လိုချင်သည့်ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၆ သို့ ✧**

✧ စာမျက်နှာ ၃ မှ

ထို့နောက် ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီဝင်များကိုယ်စား အဖွဲ့ဝင် ဦးနော်ခုန် (ခ) ဦးဂျန်ခုန်က ကော်မတီအနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် ကော်မတီဝင် ခြောက်ဦးတို့က ရောဝတီ မြစ်ဆုံ-မြစ်ညာစီမံကိန်းနှင့် စပ်လျဉ်း၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပြန်လည် ရှင်းလင်းဆွေးနွေးပြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့၊ ပြည်နယ် ဝန်ကြီးချုပ်တို့သည် ကချင်ပြည်နယ် ဒေသခံပြည်သူများအတွက် ငွေကျပ်သိန်းတစ်ထောင် တန်ဖိုးနှင့်ညီမျှသော Solar နှင့် လူသုံးကုန်ပစ္စည်းများ၊ MRTV DTH စနစ် ရုပ်သံလွှင့်စက်စလောင်း အစုံ ၁၀၀၀တို့ကိုထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကချင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့က "ပြည်ထောင်စုရဲ့ ထာဝရအလှ" တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရိုးရာယဉ်ကျေးမှု အကအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အဆိုပါ ရောဝတီမြစ်ဆုံ-မြစ်ညာ စီမံကိန်းနှင့်စပ်လျဉ်း၍ လူထုတွေ့ဆုံပွဲသို့ ဒေသခံပြည်သူ ၁၄၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယမန်နေ့မွန်းလွဲပိုင်းက လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်နှင့် အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီဝင်များနှင့်ရင်းနှီး ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ရောဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်း အထောက်အကူ ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင် ပြည်နယ် ဒေသခံကော်မတီကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ထားပါကြောင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် CSR Program လုပ်ငန်းများကိုပြည့်ပြည့်ဝဝ ခံစားနိုင်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာကော်မတီဝင်များအနေဖြင့် ကူညီ ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ ဒေသခံကော်မတီအဖွဲ့ဝင်များအနေဖြင့် ရောဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့်ပတ်သက်၍ ဆက်လက် ဖွဲ့စည်းထားသည့် ဦးဆောင်ကော်မတီ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသခံကော်မတီဝင်များအနေဖြင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များ၏ မြေပြင်ကွင်းဆင်း၍ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည် သားကောင်းတမန်မဂ္ဂဇင်း(၂၀၂၅ ခုနှစ်) ထုတ်ဝေခြင်းနှင့် ဂုဏ်ပြုနေ့လယ်စာစားပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နှစ်ပတ်လည် သားကောင်းတမန် မဂ္ဂဇင်း(၂၀၂၅ ခုနှစ်) ထုတ်ဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နှစ်ပတ်လည် အထိမ်းအမှတ် သားကောင်းတမန်မဂ္ဂဇင်း (၂၀၂၅ ခုနှစ်) ထုတ်ဝေရေးကော်မတီဝင်များ၊ စာမူရှင်များ၊ ကြော်ငြာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နှစ်ပတ်လည် မဂ္ဂဇင်းများကို ၁၉၉၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခုထုတ်ဝေသော သားကောင်းတမန် မဂ္ဂဇင်း(၂၀၂၅ ခုနှစ်)သည် (၂၇)ကြိမ်မြောက် ထုတ်ဝေသော စာအုပ်ဖြစ်ကြောင်းနှင့် အဆိုပါမဂ္ဂဇင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုမှတ်တမ်းများနှင့် ဝါရင့်သံတမန်ကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအပြင် ပြင်ပစာမူရှင်များက သံတမန်ရေးရာ၊ နိုင်ငံတကာရေးရာများနှင့် အတွေ့အကြုံဗဟုသုတများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် သုတ၊ ရသစုံလင်စွာ ရေးသားဖော်ပြထားသည်။



**အမွှေးနံ့သာဖြင့် ပက်ဖျန်းပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံခြားရေးဝန်ကြီးဌာနတိုးချဲ့အဆောက်အအုံ ပရိဝုဏ်အတွင်း နိုင်ငံခြားရေးဝန်ထမ်း ဟောင်းများအသင်း ယာယီရုံးခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ရောဝတီတိုင်းဒေသကြီးအတွင်း ဟင်္သာတတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ရောဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဟင်္သာတတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ကျောင်းသားအခြေပြု သင်ကြားနည်းစနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ သင်ကြားရေးသည် သုတေသနနှင့် ဆက်စပ်မှသာ သုတေသနစာတမ်းများ ရေးသားရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ ဟင်္သာတတက္ကသိုလ်တွင် ထူးခြားသည့် ဘာသာရပ်များအနေဖြင့် ငါးလုပ်ငန်းဘာသာရပ်နှင့် စိုက်ပျိုးရေး ဓာတုဗေဒ ဘာသာရပ်နှစ်ခုကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိက အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဘာသာရပ်များကို သင်ကြားသည့် ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးနှင့် သုတေသနကို ချိတ်ဆက်ဆောင်ရွက်ရန် များစွာလိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးတွင် AI နည်းပညာကို အသုံးချနိုင်ရန် လေ့လာထားကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေအနေ၊ ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြစ်လာစေရန် အကျိုးရှိစွာ အသုံးပြုကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် Project များအတွက် ခေါင်းစဉ်ရှာဖွေရာတွင် AI နည်းပညာကို စနစ်တကျ အသုံးချတတ်စေရန် လမ်းညွှန်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဟင်္သာတတက္ကသိုလ်၏ လိုအပ်ချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ်က တက္ကသိုလ်ဘောလုံးကွင်း အဆင့်မြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ Grade-12 ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ မြို့မိ မြို့ဖများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံရာတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေး၊ Grade-12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးအတွက် လာရောက်အားပေးခြင်းဖြစ်ကြောင်း၊ ကျောင်း၏လိုအပ်ချက်များကို သိရှိပြီး အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ကျောင်းအတွက် ချီးမြှင့်ငွေများကို ကျောင်းအုပ်ကြီးထံ ပေးအပ်သည်။

ထို့နောက် မြန်အောင်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှိ စာသင်ဆောင်များနှင့် ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂျပန်ပညာရေးပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ကြားလိုသူများအတွက် အခွင့်အလမ်းများရရှိနိုင်သော SEMINAR ကို ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံမီးပွိုင့်အနီးရှိ M-Tower (၁၈)လွှာ၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဂျပန်ပညာရေးပြပွဲကို ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့်စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

ပညာတော်သင် ထောက်ပံ့ကြေးရယူလိုသည့် ကျောင်းသား ကျောင်းသူများအတွက် MAJA နှင့် MJC အဖွဲ့အစည်းတို့က နှစ်စဉ်ပေးအပ်လေ့ရှိသော Scholarship Program များ၊ စာပေပြိုင်ပွဲများကိုလည်း ပြပွဲတွင် လာရောက်ပြောကြားပေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ကြားလိုသည့် ကျောင်းသား ကျောင်းသူများအတွက် ဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်နိုင်ပြီး ဂျပန်ပညာရေးပွဲတွင်ပါဝင်သည့် ကျောင်းများမှလည်း တစ်နှစ်စာ ကုန်ကျစရိတ်နှင့်အတူ သင်ကြားနိုင်မည့် ဘာသာရပ်များကို ရှင်းပြပေးသွားမည်ဖြစ်သည်။

ဂျပန်ပညာရေးပြပွဲတွင် ဂျပန်နိုင်ငံရှိတက္ကသိုလ်အားလုံးနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ရေအားလျှပ်စစ်မှသည် အနာဂတ်မှာ အမှောင်ခွင်း၍ အလင်းဆောင်ကြမည်

လင်းလင်း

လှိုင်သာယာစက်မှုဇုန်က အထည်ချုပ်စက်ရုံတစ်ခုမှာ အလုပ်လုပ်တဲ့ ကိုပြည့်၊ အင်းစိန်နဲ့ လှိုင်သာယာဆက်သွယ်ထားတဲ့ အောင်ဇေယျကြိုးတံတား အဆင်းအနီး ဖုန်းအလုခံလိုက်ရပါတယ်။ စက်ရုံက အချိန်ပိုဆင်းပြီးအပြန် ည ၉ နာရီဝန်းကျင်မှာဖြစ်ပါတယ်။ ညအချိန်မှောင်နေတာကြောင့် ဆန့်ကျင်ဘက်အရပ်က လူနှစ်ဦးလာတာကိုသာ မြင်လိုက်ရပြီး မျက်နှာကိုလည်း သဲသဲကွဲကွဲမမှတ်မိလိုက်ပါဘူး။

စက်ဘီးနင်းလာတာကို တစ်ဦးက စက်ဘီးလက်ရန်းကို ဖမ်းဆွဲလိုက်ပြီး ဟန်ချက်ပျက်သွားစဉ်မှာ နောက်တစ်ဦးက လက်ထဲကဖုန်းကို ဆွဲလုလိုက်တာကြောင့် စက်ဘီးလဲသွားပါတယ်။ အင်အားချင်းလည်း မမျှတာကြောင့် ဖုန်းကို ဘာလို့ယူသွားတာလဲလို့ အော်ချိန်သာရလိုက်ပြီး လုတဲ့သူနှစ်ဦးက ကြိုးတံတားဘက်ကို ပြေးသွားပေမယ့် မလိုက်ရဲပါဘူး။

**“မီးလာရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ အခုက မီးလည်းပျက်နေတယ်။ မှောင်နေတော့ မကောင်းမှုပြုတဲ့သူတွေအတွက် အခွင့်အရေးရတာပေါ့။ လူကိုအန္တရာယ်မပြုသွားတာ ကံကောင်းလို့ ကိုပြည့်ရဲ့အမေက မှတ်ချက်ပြုပြီး ကိုပြည့်ကတော့ ဘယ်လောက်ပဲရရ နောက်ရက်တွေမှာ အချိန်ပိုမဆင်းတော့ဘူး”**လို့ ဆိုပါတယ်။ ရန်ကုန်မြို့ရဲ့ ရပ်ကွက်အချို့မှာ ညအချိန်လျှပ်စစ်မီးမလာလို့ ဖုန်းမီးရောင်ကို အားကိုး သွားလာနေကြရပါတယ်။ ဒီလိုအခြေအနေက မကောင်းမှုပြုလိုသူတွေ၊ သူခိုးနဲ့ ဒုစရိုက်သမားတွေအတွက်တော့ ခိုးဆိုးလုနှိုက်ဖို့ အခွင့်အရေးဖြစ်နေပါတယ်။ ရန်ကုန်သာမက မန္တလေးမြို့အပါအဝင် မြို့ကြီးတွေ၊ အခြားနေရာတွေမှာလည်း ညအမှောင်က ဒုစရိုက်သမားတွေအတွက် မကောင်းမှုပြုဖို့ အခွင့်အရေးရနေပြီး ခိုးမှု၊ လုယက်မှုတွေသာမက လူသတ်သည်အထိ မကြောက်မလန့် ဥပဒေကို ချိုးဖောက်လာကြပါတယ်။ **“ညဘက်အပြင်ထွက်ရင် သတိထားသွားလာကြပါ။ လုယက်မှုတွေအထိပါ ပြောင်ပြောင်တင်းတင်း ကျူးလွန်လာကြပါတယ်။ လုယက်တဲ့သူတွေက ပစ္စည်းယူရုံတင်မကပါဘူး။ လူကိုပါ အန္တရာယ် ပြုလာကြပါတယ်။ ကျွန်တော်ကိုယ်တွေ့ပါ။ ခေါင်းကို အသေရိုက်တာပါ။ ကံကောင်းလို့ မသေတာ၊ ဆိုင်ကယ်တော့ပါသွားတယ်”**ဟု မန္တလေးမြို့ခံတစ်ဦးက ဆိုပါတယ်။

ညဘက်တွေမှာ မဖြစ်မနေသွားလာနေရတဲ့ ကိုပြည့်တို့လို လူတွေအတွက် လျှပ်စစ်လိုအပ်ချက်ရဲ့ ဒဏ်ကို ခံစားနေကြရပါတယ်။ လမ်းမီးရောင်များ လင်းထိန်နေခြင်းက စိုးရိမ်ထိတ်လန့်မှုတွေကကင်းဝေးစေပြီး စိတ်လုံခြုံမှုကို ခံစားရစေပါတယ်။ မီးတွေလင်းထိန်နေရင် အမှောင်ထုကို အခွင့်ကောင်းယူပြီး လှုပ်ရှားနေကြတဲ့ ဒုစရိုက်သမားတွေ၊ မကောင်းမှုပြုလိုသူတွေကို ဥပဒေချိုးဖောက်ဖို့ ဟန့်တားရာလည်း ရောက်ပါတယ်။ အလင်းရောင်အောက်မှာ သူတို့ရဲ့လှုပ်ရှားမှုကို အလွယ်တကူ မြင်တွေ့နိုင်တဲ့အတွက် ပြစ်မှုကျူးလွန်ဖို့ အခွင့်အရေး လျော့နည်းသွားစေပါတယ်။

> **ကမ္ဘာ့နိုင်ငံအများစုမှာ လျှပ်စစ်ဓာတ်အားကို နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူစွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းတွေစတဲ့ အရင်းအမြစ်တွေက စီမံခန့်ခွဲထုတ်ယူသုံးစွဲနေပါတယ်။ နိုင်ငံ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အားနည်းချက်၊ အားသာချက်တွေက မတူညီနိုင်တဲ့အတွက် သင့်လျော်သလို မိမိနိုင်ငံနဲ့ကိုက်ညီမယ့် အရင်းအမြစ်တွေကို အသုံးပြုထုတ်လုပ်ကြရပါတယ်**

ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝတွေ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စတဲ့ကဏ္ဍတွေမှာ အခြေခံအဆောက်အဦဖြစ်တဲ့ လျှပ်စစ်မီးရရှိရေးက အဓိကကျပါတယ်။ လျှပ်စစ်မီးရရှိမှ စက်ရုံတွေ ရာနှုန်းပြည့်လည်ပတ်နိုင်ပြီး ကုန်ထုတ်စွမ်းအားတိုးတက်မှာဖြစ်သလို ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ၊ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေအထိပါ ချိတ်ဆက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့ပြလူနေမှုစနစ်နဲ့အတူ လျှပ်စစ်ပစ္စည်းတွေက ဈေးကွက်အတွင်း တစ်နေ့ထက်တစ်နေ့ ဆန်းသစ်တီထွင်ထုတ်လုပ်လာကြပါတယ်။ တစ်ဖက်မှာလည်း ပြည်သူတွေရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက စွမ်းအင်ထုတ်လုပ်နိုင်စွမ်းထက် ကျော်လွန်ကာ လိုအပ်ချက်ဖြစ်လာပါတယ်။ ဒီလိုအခြေအနေမှာ အိမ်တွေ၊ လမ်းတွေ ရာနှုန်းပြည့်လင်းဖို့၊ စက်ရုံအလုပ်ရုံတွေရဲ့ ကုန်ထုတ်စွမ်းအားအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်ဝစွာပေးနိုင်ဖို့က စိန်ခေါ်မှုအသွင်ဖြစ်လာပါတယ်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေဖို့ ဓာတ်အားချွေတာသုံးစွဲရေးနည်းလမ်းတွေကို လိုက်နာဆောင်ရွက်ပေးကြဖို့ နိုင်ငံတော်က အသိပေးတိုက်တွန်း နှိုးဆော်နေပါတယ်။ ချွေတာရေးနည်းလမ်းတွေအပြင် အခြားတစ်ဖက်ကလည်း လျှပ်စစ်ဓာတ်အားကို ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ဖို့ ရေတိုရေရှည်နည်းလမ်းတွေကို စဉ်းစားဆောင်ရွက်လာကြရပါတယ်။

> **မြစ်ချောင်းတွေ တောင်ကုန်းဒေသတွေနဲ့ မိုးရေချိန်များပြားမှုတို့က ရေအားလျှပ်စစ်စီမံကိန်းအတွက် သဘာဝက ဖန်တီးပေးထားတဲ့ အားသာချက်တွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၄ ခုမြောက် ရေအားလျှပ်စစ်အရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။**
>
> **ဒီလိုအားသာချက်ကို အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ဖို့ စီမံဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံအနေနဲ့ ရေအားလျှပ်စစ်စွမ်းအင်ကို ထိရောက်စွာ အသုံးချနိုင်မယ်ဆိုရင် နိုင်ငံရဲ့ အခုလက်ရှိရင်ဆိုင်နေရတဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက စွမ်းအင်ကဏ္ဍကနေ နိုင်ငံခြားဝင်ငွေရရှိဖို့ အလားအလာကောင်းတွေရှိနေ**

ကမ္ဘာ့နိုင်ငံအများစုမှာ လျှပ်စစ်ဓာတ်အားကို နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူစွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းတွေ စတဲ့အရင်းအမြစ်တွေက စီမံခန့်ခွဲထုတ်ယူသုံးစွဲနေပါတယ်။ နိုင်ငံ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အားနည်းချက်၊ အားသာချက်တွေက မတူညီနိုင်တဲ့အတွက် သင့်လျော်သလို မိမိနိုင်ငံနဲ့ ကိုက်ညီမယ့် အရင်းအမြစ်တွေကို အသုံးပြုထုတ်လုပ်ကြရပါတယ်။

ဘယ်လိုအရင်းအမြစ်က ထုတ်ယူသည်ဖြစ်စေ အကောင်းနဲ့အဆိုးကတော့ ဒွန်တွဲတည်ရှိနေပါတယ်။ ကောင်းကျိုးသာရပြီး ဆိုးကျိုးလုံးဝမရှိတဲ့ လျှပ်စစ်ထုတ်လုပ်မှုဟူ၍ မရှိနိုင်ပါ။ သို့သော် စွမ်းအင်ဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ စီးပွားရေးဆိုင်ရာ အချက်အလက်တွေကို ချိန်ထိုးတွက်ဆရပြီး နည်းပညာဆိုင်ရာ ခေတ်မီတိုးတက်လာတဲ့အတွက် ကောင်းကျိုးများဖို့၊ ဆိုးကျိုးနည်းနိုင်သမျှနည်းဖို့ စဉ်းစားဆောင်ရွက်ကြရပါတယ်။

မြစ်ချောင်းတွေ၊ တောင်ကုန်းဒေသတွေနဲ့ မိုးရေချိန်များပြားမှုတို့က ရေအားလျှပ်စစ်စီမံကိန်းအတွက် သဘာဝက ဖန်တီးပေးထားတဲ့ အားသာချက်တွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၄ ခုမြောက် ရေအားလျှပ်စစ် အရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။

ဒီလိုအားသာချက်ကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ဖို့ စီမံဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံအနေနဲ့ ရေအားလျှပ်စစ်စွမ်းအင်ကို ထိရောက်စွာ အသုံးချနိုင်မယ်ဆိုရင် နိုင်ငံရဲ့ အခုလက်ရှိရင်ဆိုင်နေရတဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက စွမ်းအင်ကဏ္ဍကနေ နိုင်ငံခြားဝင်ငွေရရှိဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။

မြန်မာနိုင်ငံမှာ အဓိကရေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နဲ့ စစ်တောင်းမြစ်တို့တည်ရှိနေပါတယ်။ ရေအားလျှပ်စစ်ကပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါးတာကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိတဲ့ စွမ်းအင်ထုတ်လုပ်နိုင်ရေး နည်းလမ်းတစ်ခုလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မူလကတည်ဆောက်ဖို့ လျာထားစာချုပ်ချုပ်ဆိုခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ဆောင်ရွက်ဖို့ ကြန့်ကြာနေတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေရှိနေပါတယ်။ ၂၀၀၅ ခုနှစ်က တိုင်းတာစစ်ဆေး တွေ့ရှိချက်တွေအရ ရေအားအရင်းအမြစ်မှ ၄၅၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ဖို့ မျှော်မှန်းထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ ခုနစ်ရာခိုင်နှုန်းကျော်ခန့်ကိုသာ လက်ရှိထုတ်လုပ်နေတာ တွေ့ရပါတယ်။

လေ့လာမိသလောက်က ချင်းတွင်းမြစ်ပေါ်မှာ တည်ဆောက်မယ့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ပေါ်မှာ တာဆန်း ရေအားလျှပ်စစ်စီမံကိန်းနဲ့ ဧရာဝတီမြစ်ပေါ်မှာ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတွေဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ကနေ ၂၃ မိုင်ခန့် (၃၇ ကီလိုမီတာ) အကွာမှာ တည်ရှိတဲ့ ဧရာဝတီမြစ်ဖျားဒေသ ရေအားလျှပ်စစ်စီမံကိန်းကြီးက အနာဂတ်တိုးတက်လာမယ့် လူဦးရေနဲ့အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာဖြည့်ဆည်းနေနိုင်မယ့် စီမံကိန်းတစ်ခုအဖြစ် သုံးသပ်မိပါတယ်။

ဧရာဝတီမြစ်စတင်မြစ်ဖျားခံရာ အင်မိုင်ခ(မေခ)နဲ့ မလိခတို့ပေါင်းဆုံရာနေရာနဲ့ မြစ်လက်တက်တွေပေါ်မှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်နှစ်သောင်းနီးပါး ထုတ်လုပ်နိုင်မယ့် ရေကာတာ(ဆည်)ခုနစ်ခုနဲ့ ဆည်ခုနစ်ခု တည်ဆောက်ရေးအတွက် လျှပ်စစ်ဓာတ်အား အထောက်အပံ့ပေးဖို့ တည်ဆောက်ထားပြီးဖြစ်တဲ့ ၉၉ မဂ္ဂါဝပ်ထွက်ရှိတဲ့ ချီဖွေငယ်ဆည်အပါအဝင် ရှစ်ခုကို တရုတ်နိုင်ငံက တည်ဆောက်အကောင်အထည်ဖော်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

စုစုပေါင်းအမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ဝန်းကျင်ခန့် ကုန်ကျနိုင်ကြောင်း ခန့်မှန်းထားပြီး တရုတ်နိုင်ငံ လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း– CPI (ယခု State Power Investment Corporation–SPIC)၊ မြန်မာနိုင်ငံအစိုးရနဲ့ Asia World ကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်သွားဖို့ စီမံဆောင်ရွက်ထားတာဖြစ်ပါတယ်။ စီမံကိန်းအကြီးဆုံးက မဂ္ဂါဝပ် ၆၀၀၀၊ လိုင်ဇာ(မလိယန်)စီမံကိန်းက မဂ္ဂါဝပ် ၂၈၀၀၊ ချီဖွေစီမံကိန်းက မဂ္ဂါဝပ် ၃၄၀၀၊ အူဆောက်စီမံကိန်းက မဂ္ဂါဝပ် ၂၅၀၀၊ ဖီဆော်စီမံကိန်းက မဂ္ဂါဝပ်၂၄၀၀၊ ခေါင်လန်ဖူးစီမံကိန်းက မဂ္ဂါဝပ် ၃၀၀၀ ၊ ရီနန်စီမံကိန်းက မဂ္ဂါဝပ် ၁၄၀၀ စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်နှစ်သောင်းကျော် ထုတ်လုပ်နိုင်မယ်လို့ SPIC က ဖော်ပြထားပါတယ်။

ဒီလိုစီမံကိန်းတွေသာ အကောင်အထည်ပေါ်လာမယ်ဆိုရင် မြန်မာနိုင်ငံနဲ့ ပြည်သူတို့အတွက် ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး ရာနှုန်းပြည့်မီးလင်းစေဖို့ မျှော်မှန်းနိုင်ပြီဖြစ်ပါတယ်။ အနာဂတ်မှာ ရေအားလျှပ်စစ်အရင်းအမြစ်တွေကိုအခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာတဲ့စွမ်းအင်ကဏ္ဍကို တည်ဆောက်နိုင်ပါပြီ။ ဝန်ထမ်းတွေ ညဘက်အိမ်အပြန် နောက်ကျတာပဲဖြစ်ဖြစ်၊ အကြောင်းကိစ္စရှိလို့ မဖြစ်မနေ သွားလာရတာပဲဖြစ်ဖြစ် ညအမှောင်ကြောင့် စိုးရိမ်စိတ်နဲ့သွားလာနေရတဲ့ အခြေအနေက လွန်မြောက်နိုင်ပါပြီ။

နည်းပညာမြင့်မားလာမှုရဲ့ အထောက်အကူတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံနှုန်းတွေ၊ စီမံကိန်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် ရေသယံဇာတပျက်စီးဆုံးရှုံးနိုင်မှု၊ ရေရှည်တည်တံ့ရေးအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေတွေကို စဉ်းစားတွက်ချက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ အသက်သွေးကြော ဧရာဝတီ ဆက်လက်တည်တံ့ဖို့ အကြောင်းပြချက်နဲ့ တွေဝေ၊ တွန့်ဆုတ်နေဖို့မသင့်တော့ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားခဲ့ရတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေက ဓာတ်အားမလုံမလောက်ဖြစ်ရတဲ့ အဓိကအကြောင်းရင်းဖြစ်တာကို ပြည်သူတွေ သိမြင်နားလည်ပြီး အနာဂတ်မှာ မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးဖြစ်ထွန်းစေဖို့ အမှောင်ခွင်းလို့ အလင်းဆောင်ကြပါစို့လို့ ဆန္ဒပြုလိုပါတယ်။ ။

## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀ အရ** ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့ လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာ ဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည် ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

( ခ ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

( ဂ ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးလောင်မှုအရေအတွက်များပြားနေခြင်းကို လျှော့ချနိုင်ရေးနှင့် မီးခိုးငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးလောင်မှုအရေအတွက်များပြားနေခြင်းကို လျှော့ချနိုင်ရေးနှင့် မီးခိုးငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ လူနေရပ်ကွက် နေရာအနှံ့အပြားတွင် နံနက်စောစောပိုင်းနှင့် ညနေပိုင်းများတွင် သစ်ရွက်ခြောက်အမှိုက်များ စုပုံမီးရှို့ခြင်းကြောင့် တိုင်းဒေသကြီးအတွင်း လေထုအရည်အသွေး ကျဆင်းစေနိုင်ပြီး ရေရှည်တွင် ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုစီးပွားရေးများကိုပါ ထိခိုက်စေနိုင်သောကြောင့် အမှိုက်များအား စည်းကမ်းမဲ့မီးမရှို့စေရေး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားကြရန်၊ တိုင်းဒေသကြီးအတွင်း မီးခိုးမြူငွေ့များ ညစ်ညမ်းမှု လျော့နည်းလာစေရေးနှင့် Fire Hotspot အရေအတွက်ကို သတ်မှတ်ထားသည့် အရေအတွက်အထိရောက်အောင် လျှော့ချနိုင်ရေး အဖွဲ့ဝင်ဌာနများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီးအတွင်း မီးလောင်မှုအရေအတွက်များပြားနေခြင်းကိုလျှော့ချနိုင်ရေးနှင့် မီးခိုးငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်အောင်မြို့၌ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂၀

(၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အောင်ဇေယျအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ချင်းတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိက အခမ်းအနားကို စတင်ဖွင့်လှစ်ပေးကာ မိန့်ခွန်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားများ၏ စာပေသင်ကြားရေး၊ ရိုးရာဓလေ့ပွဲတော်များ၊ နေ့ထူးနေ့မြတ်များနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ကျင်းပပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် အတူတကွ လက်တွဲနေထိုင်ကြပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးနှင့် ပတ်သက်၍ စံပြတိုင်းဒေသကြီးဖြစ်ရန်နှင့် ပန်းတိုင်အထွက်နှုန်းများရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့လာသည့် ချင်းအမျိုးသားနေ့သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားပြီး ဧရာဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ချင်းအမျိုးသားနေ့ ကျင်းပရသည့် ရည်ရွယ်ချက်များကို လည်းကောင်း၊ ချင်းတိုင်းရင်းသူ တစ်ဦးက အခမ်းအနားတွင် ဆင်ယင်ပြသထားသည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြကာ တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ချင်းရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဒေသခံတိုင်းရင်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။





အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု Gabion Box ကမ်းထိန်းတမံ ဆောင်ရွက်နေမှုနှင့် မြန်အောင်မြို့ မကျီးစုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု ကျောက်စီတမံဆောင်ရွက်နေမှုများကို လည်းကောင်း၊ မြန်အောင်မြို့ စိန်ဝတ်မှုံ(၁)လမ်းရှိ မင်းစန်းဦး ဆီကြိတ်စက်၌ ခေတ်မီဆီသန့်စက် တပ်ဆင်အသုံးပြုကာ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်ဆီများ ကြိတ်ခွဲနေမှုကို လည်းကောင်း၊ ကြံခင်းမြို့ မြို့မရပ်ကွက်ရှိ တောင်သူဦးထွန်းလင်း စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်းနှင့် မြို့မရပ်ကွက် တောင်သူများ စိုက်ပျိုးထားသည့် Super Sun-41 နေကြာစံပြကွက် ဧက ၅၀ အောင်မြင်ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ မြန်အောင်မြို့ သဘာဝမီးစက်လမ်းရှိ "ကောင်းသန့်" ဆီစက်၌ မြေပဲ၊ နေကြာ ဆီကြိတ်ခွဲနေမှုကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ဆင်သေကျေးရွာ တောင်သူဦးအောင်ဌေး စိုက်ပျိုးထားသည့် Super Sun-41 ဆောင်းနေကြာစိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဒေါပုံသင်္ဘောကျင်းဝင်းအတွင်း အိန္ဒိယနိုင်ငံအစိုးရ၏အထောက်အပံ့ဖြင့် တည်ဆောက်မည့် Simulator Assessment Centre နှစ်ထပ် RC အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ





ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒေါပုံသင်္ဘောကျင်းဝင်းအတွင်းရှိ မြေနေရာ၌ အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် တည်ဆောက်မည့် Simulator Assessment Centre နှစ်ထပ် RC အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဝင်းအတွင်း၌ ပြုလုပ်သည်။

ယင်းအဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး Mr. Abhay Thakur ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယနေ့ကျင်းပသည့် ပန္နက်တင်မင်္ဂလာအခမ်းအနားသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၈) နှစ်မြောက်ရှိပြီဖြစ်ပြီး နှစ်နိုင်ငံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအရ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ထင်ဟပ်ပြသနေသည့် အခမ်းအနားလည်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတကာသင်္ဘောများပေါ်တွင် မြန်မာသင်္ဘောသားဦးရေ ၂၂၀၀၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ မြန်မာသင်္ဘောသား ၃၆၀၀၀ ကျော်အထိ တိုးတက်လာခြင်းသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ကိုက်ညီသည့်ရလဒ်တစ်ခု ဖြစ်ပါကြောင်း။

သင်္ဘောသားများသည် ကမ္ဘာ့ကုန်သွယ်မှုတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည့်အပြင် နိုင်ငံ၏ GDP တိုးတက်စေရေးအတွက် အခြေခံကျသည့်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြောင်း၊ နိုင်ငံတကာအလုပ်အကိုင် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် မြန်မာသင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် အရည်အသွေးတို့သည် အရေးပါသဖြင့် ယခုကဲ့သို့ ခေတ်မီ Simulator Assessment Centre တည်ဆောက်ခြင်းသည် မြန်မာသင်္ဘောသားများ၏ အရည်အသွေးကို အဆင့်မြှင့်တင်နိုင်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အထောက်အကူပြုကြောင်း၊ Simulator Assessment Centre သည် လုပ်ငန်းခွင်နှင့် အလားသဏ္ဍာန်တူညီသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လေ့ကျင့်သင်တန်းပေးခြင်း၊ အကဲဖြတ်ခြင်းနှင့် စာမေးပွဲစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ထင်ဟပ်ပြသသည့် သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ပံ့ပိုးပေးသည့် အိန္ဒိယနိုင်ငံအစိုးရကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်က စီမံကိန်းကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် သတ်မှတ်အချိန်ဇယားများအတိုင်း စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် နိုင်ငံတကာအဆင့်မီ Simulator Assessment Centre တစ်ခုဖြစ်ပေါ်လာစေရေးအတွက် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက အမှာစကားပြောကြားပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က Simulator Based Training, Assessment and Exam System for Seafarers စီမံကိန်းနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Simulator Assessment Centre တည်ဆောက်မည့်မြေနေရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များက ပန္နက်စိုက်ထူ၍ အမွှေးနံ့သာရည်ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော် ဖေဖော်ဝါရီ ၂၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး ခုတင်(၅၀၀)နှင့် အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တာဝန်ရှိသူများက ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# တိုက်ကြီးမြို့နယ်၌ နွေစပါးစိုက်ပျိုးရန် သွင်းအားစုများ ပံ့ပိုးပေးအပ်

တိုက်ကြီး ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနက နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများအား စိုက်ပျိုးချိန်အမီ ပံ့ပိုးပေးအပ်လျက်ရှိသည်။

မြို့နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုမှ တာဝန်ရှိသူများအနေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရန်နှင့် အဖျက်ပိုးမွှားအန္တရာယ်မှ ကာကွယ်နိုင်စေရန် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အသီးအပွင့်အားတိုးဆေးများနှင့် သွင်းအားစုများအား နည်းစနစ်မှန်ကန်စွာဖြင့် စံချိန်စံညွှန်းများအတိုင်း အသုံးပြုနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လိုအပ်သည့် သွင်းအားစုများကို ကျေးရွာများရှိ နွေစပါးစိုက်တောင်သူများ၏ လက်ဝယ်အရောက် ပံ့ပိုးပေးခဲ့သည်။

တိုက်ကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းတွင် အသင်း ၂၅ သင်း၊ အသင်းသား ၃၃၉ ဦး၊ လယ်ဧက ၂၇၂၂ ဧကကို ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ် နွေစပါးစီမံကိန်းတွင် အသင်း ၂၀၊ အသင်းသား ၁၄၀၊ လယ်ဧက ၁၀၀၀ အား ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် Grade-5၊ Grade-9 စာမေးပွဲဖြေဆိုမည့်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး တာဝန်ရှိသူများက မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် မြို့ပေါ်စာစစ်ဌာနများဖြစ်သော အထက(၁)နှင့် အထက(၂)တို့တွင် ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ကျောက်တန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများဖြစ်သော ကျောက်တန်းမြို့ အထက ( ၁ )၊ တံတားမြို့ (အထက)၊ ကမာကလုပ်တိုက်နယ် ကမာကလုပ်ကျေးရွာ (အထက) တို့တွင် မီးလောင်မှု/မီးလန့်မှုများမဖြစ်ပေါ်စေရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်နှင့် ပူးပေါင်းအဖွဲ့များက မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

ဝင်းစိုး(ကျောက်တန်း)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# လူ့ဂုဏ်သိက္ခာ တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေး၏ အရေးပါမှု

**ဒေါက်တာခိုင်ခိုင်ဝင်း**

> **“တရားမျှတမှုသည် လူသားတိုင်းအတွက် ညီမျှမှုရှိရမည်ဖြစ်ပြီး မချိုးဖောက်ရမည့် အခြေခံသဘောတရားဖြစ်ပါသည်။ အဆိုပါ အခြေခံသဘောတရားချိုးဖောက်သည့် အခြေအနေများတွင် ဥပဒေစိုးမိုးမှုသည် အားနည်းသွားပြီး တရားမျှတမှုဆိုသည့်အရာသည် အားကောင်းသူများ၏ အကျိုးအမြတ်အလိုက် ပုံစံပြောင်းအခြေအနေများ ဖြစ်လာနိုင်သည်လည်းဖြစ်ပါသည်။ ထိုသို့သော အခြေအနေသည် နိုင်ငံတစ်နိုင်ငံတွင်ဖြစ်ပေါ်နေပါက အဆိုပါ နိုင်ငံအတွင်း နေထိုင်ကြသည့် လူထု၏ယုံကြည်မှုသည် အုပ်ချုပ်သူအစိုးရအပေါ် လျော့နည်းလာစေပြီး လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုများလည်း ဖြစ်လာစေမည်ဖြစ်”**

လူရယ်လို့ ဖြစ်လာခဲ့လျှင် ချမ်းသာ၊ ဆင်းရဲ မည်သူမဆို လူ့ဂုဏ်သိက္ခာ တန်းတူရှိကြသလို ဥပဒေအရလည်း တရားမျှတမှုကို တန်းတူရပိုင်ခွင့်ရှိကြသူများဖြစ်ပါသည်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင် “ဂုဏ်သိက္ခာ၊ တရားမျှတမှု၊ ဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး” စသည့် စကားလုံးများကို နေရာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးတွင် တွင်ကျယ်စွာ ပြောဆိုအသုံးပြုလာကြသည်ကို ကြားသိ၊ တွေ့မြင်နေရပါသည်။

လူတို့တွင် ကျား၊ မ၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင် အစရှိသဖြင့် ကွဲပြားနေသည့်တိုင် ဂုဏ်သိက္ခာဆိုသည်မှာ ယင်းအရာတို့တွင် မူတည်ခွဲခြားထားသည့်အရာမဟုတ်ဘဲ လွတ်လပ်စွာမွေးဖွားလာသည့် လူသားတိုင်းတွင် အခြေခံရရှိထားပြီးဖြစ်သော တူညီသည့် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ သို့သော် လက်တွေ့ဘဝတွင်မူ လူတို့သည် ဂုဏ်သိက္ခာကို ကိုယ်ချစ်ခင်နှစ်သက်သူများ၊ ရာထူးအဆင့်အတန်းနှင့် ငွေကြေးခနေများအပေါ်တွင် မူတည်အသုံးပြုကြသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့နေရပါသည်။ ထိုသို့သော ရွေးချယ်သတ်မှတ်မှုများသည် လူ့အခွင့်အရေး၏ အခြေခံအယူအဆကို ထိပါးချိုးဖောက်နေခြင်းဖြစ်ပါသည်။

တရားမျှတမှုသည် လူသားတိုင်းအတွက် ညီမျှမှုရှိရမည်ဖြစ်ပြီး မချိုးဖောက်ရမည့် အခြေခံသဘောတရား ဖြစ်ပါသည်။ အဆိုပါအခြေခံသဘောတရား ချိုးဖောက်သည့် အခြေအနေများတွင် ဥပဒေစိုးမိုးမှုသည် အားနည်းသွားပြီး တရားမျှတမှုဆိုသည့် အရာသည် အားကောင်းသူများ၏ အကျိုးအမြတ်အလိုက် ပုံစံပြောင်းအခြေအနေများ ဖြစ်လာနိုင်သည် လည်းဖြစ်ပါသည်။ ထိုသို့သော အခြေအနေသည် နိုင်ငံတစ်နိုင်ငံတွင်ဖြစ်ပေါ်နေပါက အဆိုပါနိုင်ငံ အတွင်း နေထိုင်ကြသည့် လူထု၏ယုံကြည်မှုသည် အုပ်ချုပ်သူအစိုးရအပေါ် လျော့နည်းလာစေပြီး လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုများလည်း ဖြစ်လာစေမည်ဖြစ်ပါသည်။

လူ့အသိုက်အဝန်းတစ်ခု တည်ငြိမ်မှုရရှိနိုင်ရန် အတွက် တရားမျှတမှု (Justice)၊ လူသား ဂုဏ်သိက္ခာ ( Dignity) အပြည့်အဝထိန်းသိမ်းနိုင်မှု၊ ဥပဒေများအကောင်အထည်ဖော်နိုင်မှု ( Law enforcement) နှင့် လူ့အခွင့်အရေး ( Human Rights) တို့သည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေကြပြီး ယင်းတို့သည် သီးခြားစီတည်ရှိနေခြင်းမဟုတ်ဘဲ အပြန်အလှန်ဆက်နွှယ်ပတ်သက်မှုရှိကြကာ တစ်ခုနှင့်တစ်ခု အားဖြည့်ပံ့ပိုးပေးနေကြသည့် ထောက်တိုင်များဖြစ်ပါသည်။ အဆိုပါ အချက်လေးချက်၏ ဆက်စပ်ညီညွတ်မှုသည် တရားဥပဒေအပေါ် အခြေခံသည့် လူသားဆန်သော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ရန် အရေးပါဆုံးသော အခြေခံအကြောင်းအရာများ ဖြစ်ပါသည်။

ဥပဒေစိုးမိုးရေးသည် လူထုယုံကြည်မှုအပေါ် တည်ဆောက်ထားသောကြောင့် ဥပဒေစိုးမိုးရေးဆောင်ရွက်နေကြသူများအနေဖြင့် တရားမျှတမှုရှိစွာ ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထု၏ ချစ်ခင်၊ ယုံကြည်၊ ကိုးစားမှုကိုရရှိမှာဖြစ်ပါသည်။ တရားမျှတမှုဆိုသည်မှာ လူတိုင်းဥပဒေအရှေ့တွင် တူညီစွာ ဆက်ဆံခံရခြင်း၊ အပြစ်ရှိသူကိုသာ အပြစ်ပေးခြင်း၊ အပြစ်မဲ့သူအား ကာကွယ်ပေးခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အပြစ်မဲ့သူတစ်ဦးအား တရားမျှတမှုမရှိစွာ စီရင်ဆောင်ရွက်ခြင်းသည် လူ့ဂုဏ်သိက္ခာ ထိပါးခံရခြင်းနှင့် လူ့အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စေပါသည်။

ဥပမာအားဖြင့် လူတစ်ဦးသည် လိမ်လည်တိုင်ကြားခံရပြီး တရားစွဲဆိုခံရကာ အချုပ်ချခံနေရသောအခြေအနေတွင် အဆိုပါစွပ်စွဲခံရသူ၏ လူ့ဂုဏ်သိက္ခာနှင့် အခြေခံလူ့အခွင့်အရေးများသည် အလွန်အမင်း ထိခိုက်နစ်နာနိုင်ပါသည်။ အထူးသဖြင့် အပြစ်မရှိသူတစ်ဦးအား တရားစွဲဆိုခြင်း သို့မဟုတ် အချုပ်ချထားခြင်းသည် ဥပဒေအရ အပြစ်မရှိဟု သတ်မှတ်ခံရသည်အထိ အပြစ်ရှိသူကဲ့သို့ဆက်ဆံခံရစေပြီး လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သည်။ ထိုသို့သော အခြေအနေများတွင် ဥပဒေအကောင်အထည်ဖော်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများသည် အမှုအခြေအနေကို မြန်ဆန်ထိရောက်စွာ စစ်ဆေးဆောင်ရွက်ရန်သာမက တရားမျှတမှုအခြေခံသည့် မှန်ကန်သော လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အပြစ်မရှိကြောင်း အတည်ပြုနိုင်သော အချက်အလက်များကို လျစ်လျူရှုခြင်းသို့မဟုတ် စစ်ဆေးမှုနှောင့်နှေးခြင်းသည် အချုပ်ချခံရသူ၏ အခြေခံလူ့အခွင့်အရေးများဖြစ်သည့် လွတ်လပ်ခွင့်၊ ဂုဏ်သိက္ခာခံစားခွင့်နှင့် တရားမျှတသော စီရင်မှုခံစားခွင့်တို့ကို ဆက်လက်ချိုးဖောက်နေခြင်းနှင့် တူညီပါသည်။

နောက်ဆုံးတွင် အဆိုပါလူသည် အပြစ်မရှိကြောင်း သက်သေပြနိုင်ခဲ့ပါက ယခင်က ခံစားခဲ့ရသည့် အချုပ်ချခြင်းကြောင့် ဖြစ်ပေါ်လာသော လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ဂုဏ်သိက္ခာဆိုင်ရာ နစ်နာမှုများသည် ပြန်လည်ပြုပြင်ရန် အလွန်ခက်ခဲသည့် ဆုံးရှုံးမှုများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် အပြစ်မရှိသူအား မလိုအပ်ဘဲ အချုပ်ချထားခြင်းကို တတ်နိုင်သမျှ လျှော့ချခြင်း၊ အမှုစစ်ဆေးမှုများကို မြန်မြန်ဆန်ဆန်နှင့် တရားမျှတစွာ ဆောင်ရွက်ခြင်းတို့သည် လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို ကာကွယ်ရန်အတွက် ဥပဒေအကောင်အထည်ဖော်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ အမြဲမပြတ် လိုအပ်သော တာဝန်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဥပဒေစိုးမိုးရေးဆောင်ရွက်ကြသူ တာဝန်ရှိသူတစ်ဦးချင်းစီ၏ သမာဓိနှင့် တာဝန်ယူမှုသည် တရားမျှတမှုတည်တံ့ရေး၏ အခြေခံကျောက်တိုင်ဖြစ်ပြီး ဥပဒေစိုးမိုးရေးတွင် ပါဝင်သူတိုင်းသည် တရားမျှတမှု၊ တာဝန်ယူမှုနှင့် သမာဓိတို့ကို အမြဲတမ်းလမ်းညွှန်ချက်အဖြစ် ထားရှိရပါမည်။ ထိုသို့ ပြုလုပ်နိုင်မှသာ နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအပေါ် လူထုယုံကြည်မှုကို တိုးတက်စေမည်ဖြစ်ပါသည်။ ဆိုရပါလျှင် လူ့ဂုဏ်သိက္ခာလေးစားမှုနှင့် တရားမျှတမှုရှိရေးတို့သည် လူ့အဖွဲ့အစည်း တည်တံ့ရေး၏အခြေခံကျောက်တိုင်များ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် တရားမျှတမှုသည် လူ့ဂုဏ်သိက္ခာကို ကာကွယ်ပေးသည့် အဓိကယန္တရားဖြစ်ပြီး ဥပဒေစိုးမိုးရေးသည် ဥပဒေကို လူတိုင်းအတွက် တူညီစွာ အသုံးချနိုင်စေရန်နှင့် လူထု၏ယုံကြည်မှုကို တည်ဆောက်သည့်အရေးပါဆုံးသော စနစ်တစ်ရပ်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း ရေရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် လူသားတန်ဖိုးများအမှန်တကယ် အလေးထားကာကွယ်နိုင်ကြစေရန် လူ့ဂုဏ်သိက္ခာ၊ တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေးတို့သည် အရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

# ဘားအံမြို့၌ ဆောင်းနေကြာသီးနှံ ကွင်းသရုပ်ပြပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၀**

ဆောင်းနေကြာသီးနှံကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ကွင်းအမှတ်-၁၁၈၄ ထောင်ဝိကွင်းရှိ တောင်သူဦးဝင်းတင် အပါအဝင် တောင်သူ ၁၆ ဦး၏ နေကြာစိုက်ခင်း၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**အခမဲ့ထောက်ပံ့**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နေကြာမျိုးစေ့ တစ်ဧကတန်ဖိုး ငွေကျပ် ၃၆၄၀၀အနက် တန်ဖိုး၏ တစ်ဝက်ကို ပြည်နယ်အစိုးရက အခမဲ့ထောက်ပံ့ပေးပြီး တောင်သူများအနေဖြင့် မျိုးစေ့တန်ဖိုး တစ်ဝက်ကိုသာ ကျခံရခြင်းဖြစ်ကာ ထွက်ရှိလာသည့် နေကြာစေ့ အားလုံးကို တောင်သူများသာ ရရှိမည်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းအောင် ဂရုစိုက်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထွက်ရှိလာသည့် သီးနှံများကို ကုန်ကြမ်းမှကုန်ချော အဆင့်ထိ အရည်အသွေးကောင်း ထုတ်ကုန်များထွက်ရှိလာစေရန် အဆင့်မြင့် ဆီကြိတ်ခွဲစက်များဖြင့် ကြိတ်ခွဲမှသာ ဈေးကောင်းရရှိနိုင်မည် ဖြစ်သည့်အတွက် ဒေသအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများအား အဆင့် မြှင့်တင်နိုင်ရေးအတွက် ကြိုတင် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက နေကြာသီးနှံ စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီး နှင့် ပြည်နယ်ဝန်ကြီးများက ဘားအံမြို့နယ်အတွင်းရှိ ထောင်ဝိ၊ ရဲသာ၊ တရုတ်လှ၊ ကော့ကျိုက် အစရှိသော ကျေးရွာ ၁၀ ရွာမှ နေကြာစိုက်တောင်သူ ၁၀၀ အတွက် ဩဇာမင်းသဘာဝ မြေဩဇာ အိတ် ၁၀၀ ကို အခမဲ့ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ထောင်ဝိကွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းနေကြာ အထွက်နှုန်းတိုးတက်ရေး စံပြကွက် ၆၈ ဧကကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နေကြာစိုက်ခင်းအနီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ၏ ဝတ်မှုန်ကူးပျားအုံများ ထားရှိပြီး သီးနှံ အထွက်တိုးရေးအတွက် ပျားဖြင့်ဝတ်မှုန်ကူးခြင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုအားပေးပြီး တင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၀**

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ကယားပြည်နယ်လွှတ်တော် အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ လွှတ်တော်ကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရေးအတွက် ရုံးနှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ကယားပြည်နယ်လွှတ်တော် အစည်းအဝေးများကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌပြည်နယ်သယံဇာတရေးရာဝန်ကြီးက လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



အစည်းအဝေးအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၊ ရုံးခန်းများ၊ ရေးရာကော်မတီရုံးခန်းမနှင့် ကိုယ်စားလှယ်များနားနေခန်း ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရွှေကရုဏာဖောင်ဒေးရှင်း(စစ်တွေ)သို့ အလှူငွေပေးအပ်

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

ရွှေကရုဏာ ဖောင်ဒေးရှင်း (စစ်တွေ)သို့ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ရွှေကရုဏာ ဖောင်ဒေးရှင်း(စစ်တွေ)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရွှေကရုဏာဖောင်ဒေးရှင်း (စစ်တွေ)ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ကာ ဆင်းရဲနွမ်းပါးသည့် လူနာများကို အခမဲ့ဆေးဝါး ကုသပေးလျက်ရှိသည်ဟု သိရှိရပါကြောင်း၊ ယနေ့အထိ အထွေထွေရောဂါ လူနာ ၂၂၆၅၆၀၊ မျက်စိခွဲစိတ်လူနာ ၆၆၁၈ ဦးနှင့် ကျောက်ကပ်လူနာ ၂၅ ဦးတို့ကို ဆေးကုသမှု ပေးနိုင်ခဲ့ကြောင်း၊ စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ တပ်မတော်မှ ဆရာဝန်များနှင့် NGO အဖွဲ့အစည်းများမှ ဆရာဝန်များက အလှည့်ကျ လာရောက်ကာ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိကြောင်း၊ ရွှေကရုဏာ ဖောင်ဒေးရှင်း (စစ်တွေ)တွင် တစ်လလျှင် လူနာ ၁၀၀၀ ကျော်ခန့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်ဟု သိရကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် လိုအပ်သည့် နေရာများတွင် အကူအညီ အထောက်အပံ့ဖြစ်စေရန် ရွှေကရုဏာ ဖောင်ဒေးရှင်းထံ ယခုကဲ့သို့ အလှူငွေများထည့်ဝင်လှူဒါန်းခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရွှေကရုဏာ ဖောင်ဒေးရှင်း(စစ်တွေ) သို့ အလှူငွေများ ပေးအပ်ကြပြီး ရွှေကရုဏာ ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးသန်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဆက်လက် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနများမှ သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက် ရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေး အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ပုလဲငွေရောင်ရပ်ကွက်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ သဘာပတိ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်က အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ရှေ့လုပ်ငန်းစဉ်များအား အတွင်းရေးမှူး ဦးမြလင်းက ဖတ်ကြားတင်သွင်းပြီး ဘဏ္ဍာရေးရှင်းတမ်းအား သမဝါယမဦးစီးဌာန စာရင်းစစ်ဆေးရေး အဖွဲ့ခေါင်းဆောင် ဦးစီးမှူး ဦးနေထွန်းမင်းက ဖတ်ကြားတင်သွင်းကာ သဘာပတိက ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား အသင်းသားများထံမှ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတကာပညာရေးပြပွဲ ၂၀၂၆ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

Information Hub of Myanmar နှင့် IHM International College တို့ ဦးစီးကျင်းပသော ၂၀၂၆ ခုနှစ် ပညာရေးပွဲတော်ဖြစ်သည့် Study Abroad Beyond Education၊ Migration and Scholarship Fair 2026 နိုင်ငံတကာ ပညာရေးပြပွဲကို မတ် ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာပညာရေးပြပွဲတွင် ယူကေ၊ ဂျာမနီ၊ စပိန်၊ ဆွစ်ဇာလန်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ စသည့် နိုင်ငံတို့မှ Top Ranking University ကြီးများဖြစ်သည့် Aston & Hull (UK)၊ NAFA (Singapore)၊ NIM (Singapore)၊ PSB (Singapore)၊ LSBF (Singapore)၊ Swiss Education Group (Switzerland)၊ EU Business School (Spain, Switzerland, Germany)၊ New Vision Art & Science Institute (Myanmar)၊ Roehampton University (UK)၊ Gisma (Germany)၊ Wall Street English (Myanmar)၊ IHM International College၊ RVi College စသည့် တက္ကသိုလ်များမှ ပညာသင်ဆုအခွင့်အလမ်းများ၊ ကျောင်းလျှောက်ရန် လိုအပ်သည့် Entry Requirements များကို အသေးစိတ် ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းလျှောက်ထားရာတွင် သက်ဆိုင်ရာ တက္ကသိုလ်များမှ Application Fees Rebate လုပ်ပေးမည့် အစီအစဉ်များနှင့် Early bird discounts များကို အထူးအခွင့်အရေးအနေဖြင့် ရရှိမည်ဖြစ်ကာ ကံစမ်းမဲ အစီအစဉ်အနေဖြင့် ထိုင်း၊ စင်ကာပူ၊ မလေးရှား စသည့်နိုင်ငံတို့ကို One-way Flight Tickets များ ရရှိနိုင်မည့် အခွင့်အရေးများအပြင် Buffet Vouchers နှင့် Spa Vouchers များကို ကံစမ်းရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် IHM နှင့် ကျောင်းလျှောက်ခြင်းဖြင့် သက်ဆိုင်ရာ တက္ကသိုလ်အချို့က IELTS Exam Fees ၁၀၀ ရာခိုင်နှုန်းပေးအပ်သွားမည်ဖြစ်ပြီး ပညာရေးပြပွဲသို့ လာရောက်သူများအား IHM ၏ Education Counsellors များက အခမဲ့ Career and Scholarship Preparation Workshop များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပညာရေးပြပွဲကို မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအတွက် ပညာရေးအခွင့်အလမ်းများ မျှဝေပေးရန်၊ နိုင်ငံတကာမှ တက္ကသိုလ်များနှင့် ချိတ်ဆက်ကူညီပေးရန်၊ မြန်မာနိုင်ငံ၏ ပညာရေးကို ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် ရည်ရွယ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Information Hub of Myanmar(IHM) အနေဖြင့် နိုင်ငံပေါင်း ၂၀ ကျော်ရှိ ကျောင်းပေါင်း ၈၀၀ ကျော်နှင့် ချိတ်ဆက်ထားပြီး ဝန်ဆောင်မှုအနေဖြင့် တက္ကသိုလ်ဝင်ခွင့်အတွက် ပြင်ဆင်ပေးခြင်း၊ ဆေးတက္ကသိုလ်ဝင်ခွင့် ပြင်ဆင်ပေးခြင်း၊ ပညာရေးနှင့်ပတ်သက်၍ အခမဲ့တိုင်ပင်ဆွေးနွေး စီစဉ်ပေးခြင်း၊ Personal Statement Essay အတွက် လမ်းညွှန်ပေးခြင်းများ၊ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ အစီအစဉ်များ၊ နွေရာသီလေ့လာရေးခရီး အစီအစဉ်များ၊ နိုင်ငံရပ်ခြားပညာရေးခရီးစဉ်များ၊ တက္ကသိုလ်လျှောက်ထားခြင်းသို့မဟုတ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားခြင်း၊ Student Visa၊ Spouse Open Work Permit၊ Dependent Visa၊ Guardian Visa၊ Investment Visa၊ Permanent Residence and other types of immigration related procedures အစရှိသည့် ပြင်ဆင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

# (၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် (၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မော်လမြိုင်မြို့နယ်၌ ရွှေလုပ်ငန်းများနှင့်ဆက်စပ်၍ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

မော်လမြိုင် ဖေဖော်ဝါရီ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ ရွှေနှင့်လက်ဝတ်ရတနာ အရောင်းဆိုင် လုပ်ငန်းများမှ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိရေးအတွက် အခွန်စည်းကြပ်မှုများ ဆောင်ရွက်ရာတွင် အခွန်ထမ်းများ၏ တင်ပြမှုနှင့် သတင်းအချက်အလက်များ အပေါ်အခြေခံ၍ စိစစ်မှုများ ဆောင်ရွက်ရာ၌ နိုင်ငံတစ်ဝန်းလုံး သတင်း အချက်အလက်များ ချိတ်ဆက်နိုင်ရေးနှင့် တစ်ပြေးညီ စနစ်ကျနစေရေးအတွက် အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပသည်။



### ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီကရွှေနှင့် လက်ဝတ်ရတနာ အရောင်းဆိုင်လုပ်ငန်းရှင်များအား ၂၀၂၄-၂၀၂၅ ဝင်ငွေနှစ်ကာလအတွက် ယခင် ကြေညာလွှာတင်ပြမှုအရ အခွန်စည်းကြပ်မှုခံယူပြီးဖြစ်သော်လည်း မိမိအမှန်ရောင်းရငွေနှင့် ကွာခြားချက်များ ဖြစ်ပေါ်နေပါက ထပ်မံ၍ ပြင်ဆင်ကြေညာလွှာ တင်သွင်းပြီး ဘဏ္ဍာနှစ်မကုန်မီ ကာလအတွင်း ပြင်ဆင်စည်းကြပ်မှုများခံယူ၍ ကျသင့်အခွန်နှင့် ဒဏ်ငွေများ ပေးဆောင်ရန်ကိစ္စရပ်များ၊ "ရွှေလုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများ စိစစ်ရေးအဖွဲ့" မှ စစ်ဆေးတွေ့ရှိပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရ ဒဏ်ကြေးငွေများ ကျသင့်စေခြင်းများ၊ ရွှေထည်လက်ဝတ်ရတနာများ ရောင်းချသည့် လုပ်ငန်း၏ ပြေစာများအပေါ်တွင် ကျသင့်မည့် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်စေခြင်း စသည့် အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးခြင်းကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခွန်ဆိုင်ရာရှင်းလင်းပွဲအခမ်းအနားသို့ မွန်ပြည်နယ် အတွင်းရှိ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ကနဦးစိစစ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်/မြို့နယ် ရွှေလုပ်ငန်းရှင် အသင်းအဖွဲ့ဝင်များ၊ ရွှေလုပ်ငန်းရှင်များ၊ မြို့နယ် အခွန်ဦးစီးဌာနမှူးများ စုစုပေါင်း ၁၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ချမ်းအေးသာစံမြို့ သမဝါယမအသင်းစု၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် မြို့နယ်သမဝါယမအသင်းစုရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပဆောင်ရွက်သည်။

ဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုဝေဝေထွန်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌေးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများကို ဖတ်ကြားအတည်ပြုခဲ့ကြသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုအတွင်းရှိ အခြေခံအသင်း ၈၆ သင်းအား အစုထည့်ဝင်မှုအပေါ် အကျိုးအမြတ်ငွေများ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)

## တောင်ကြီးမြို့၌ သမဝါယမလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်

တောင်ကြီး ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သမဝါယမလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို ဖေဖော်ရီ ၁၉ ရက်က ပြုလုပ်သည်။

ဦးစွာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကားကြားသည်။

အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနမှ အမှုထမ်းဝန်ထမ်း ၃၃ ဦးဖြင့် သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိပြီး သင်တန်းတွင် သမဝါယမစာရင်းရေး၊ စာရင်းကိုင်ပညာနှင့်ပတ်သက်သည့် သင်ခန်းစာများသင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



ဝိုးတောင်း

## လင်းခေးမြို့နယ်၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ



လင်းခေး ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၆)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က သင်တန်းဆင်းပွဲ မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုရရှိသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သရက်တောတောင်ရပ်ကွက် သရက်တော(၃)လမ်းရှိ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန၊ ရေယာဉ်နှင့် ပို့ဆောင်ရေးအလုပ်ရုံတွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်စခန်းမှဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးဖုန်းသက်တင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဟောပြောသရုပ်ပြရာ မြန်မာ့သစ်လုပ်ငန်းအထွေထွေမန်နေဂျာ ဦးအောင်ဝင်းနှင့် ရေယာဉ်နှင့် ပို့ဆောင်ရေးအလုပ်ရုံမန်နေဂျာ ဦးအောင်သူရိန်၊ ပင်မစက်ပြင်အလုပ်ရုံမန်နေဂျာ ဦးနိုင်ဝင်းနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ သျှင်ဝင်းသျှင်



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ငြိမ်းချမ်းရေးဘုတ်အဖွဲ့ အစည်းအဝေးကျင်းပ




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ ပထမဆုံးအစည်းအဝေးကို ယမန်နေ့က ဝါရှင်တန်၌ လက်ခံကျင်းပသည်။

အဖွဲ့ဝင်နိုင်ငံများက ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော် ကတိပြုခဲ့ကြောင်း ငြိမ်းချမ်းရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် နယ်မြေလုံခြုံရေးကို ဖြည့်ဆည်းပေးရန်နှင့် နယ်မြေကို ပြန်လည်တည်ဆောက်ရန် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

အဆိုပါငြိမ်းချမ်းရေးဘုတ်အဖွဲ့ အစည်းအဝေးကို နိုင်ငံပေါင်း ၄၀ ကျော်မှ ခေါင်းဆောင်များနှင့် ဝန်ကြီးများက တက်ရောက်ခဲ့သည်။

အမေရိကန်နိုင်ငံက ဘုတ်အဖွဲ့အတွက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ လှူဒါန်းမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ဂါဇာဒေသရှိ အပျက်အစီးများကို ပြန်လည်ထူထောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်က ပြောကြားခဲ့သည်။

ယခုအချိန်အထိ အပျက်အစီးများအနက် သုည ဒသမ ၅ ရာခိုင်နှုန်းသာ ရှင်းလင်းဖယ်ရှားပြီးကြောင်းနှင့် အရှိန်အဟုန်ဖြင့် အားလုံးကို ဖယ်ရှားရန် ခုနစ်နှစ် အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အကူအညီများ မရှိမဖြစ်လိုအပ်ကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အုပ်ချုပ်ရေးမှူး အလက်ဇန္ဒားဒီကရူးက ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်သို့ ရောက်ရှိပြီးပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် ထပ်မံကြိုးပမ်းရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော် သမ္မတထရမ့်၏ ငြိမ်းချမ်းရေးအစီအစဉ်သည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပြီး ဟားမတ်စ်က လက်နက်ဖြုတ်သိမ်းရေးကို သဘောတူနိုင်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဉာဏ်ရည်တုနည်းပညာဆိုင်ရာအစည်းအဝေး အိန္ဒိယနိုင်ငံ၌ ကျင်းပ




**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်၌ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အစည်းအဝေးကို ယမန်နေ့တွင် ကျင်းပခဲ့သည်။

ဉာဏ်ရည်တုကွန်ဖရင့်တွင် ကမ္ဘာ့ခေါင်းဆောင်များက ဉာဏ်ရည်တုနည်းပညာကို ဘေးကင်းလုံခြုံစွာ အသုံးပြုစေနိုင်ရန် အတွက် ဘုံစည်းမျဉ်းစည်းကမ်းများကို အမြန်ဆုံးချမှတ်ရန် တောင်းဆိုခဲ့သည်။

ဉာဏ်ရည်တု ကွန်ဖရင့်သို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ၊ ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဘရာဇီးသမ္မတ လူးဝစ် အီနာစီယို လူလာဒါ ဆေးဗားတို့ တက်ရောက်ခဲ့သည်။ ထို့ပြင် ဉာဏ်ရည်တုနည်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းနေကြသော နည်းပညာကုမ္ပဏီများလည်း တက်ရောက်ခဲ့သည်။

ဉာဏ်ရည်တုနည်းပညာသည် လူသားများအတွက် ကြီးမားသော အကျိုးကျေးဇူးများကို ယူဆောင်လာကြောင်း သမ္မတ မိုဒီက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ သို့သော် ဉာဏ်ရည်တုနည်းပညာ ဘေးကင်းရေးဆိုင်ရာ ရှင်းလင်းပွင့်လင်းမြင်သာသော စည်းမျဉ်းများ ဖန်တီးရန် လိုအပ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့ပြီး နည်းပညာကုမ္ပဏီများအနေဖြင့် ကျင့်ဝတ်ဆိုင်ရာ အခြေခံမှုများကို လိုက်နာပြီး တာဝန်ခံမှုရှိရန် တောင်းဆိုခဲ့သည်။

အိန္ဒိယနိုင်ငံက ဉာဏ်ရည်တုနည်းပညာနယ်ပယ်တွင် အဓိကအရေးပါသည့်နိုင်ငံဖြစ်လာစေရန် ၎င်း၏ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ်ဒေတာစင်တာများကိုလက်ခံကျင်းပရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ ကြွယ်ဝသော နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်နှင့် လူပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်၏ ကြီးမားသော ဈေးကွက်ကို မီးမောင်းထိုးပြရန် ထိပ်သီးအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း လေ့လာသူများကပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အမေရိကန်-အီရန် နျူကလီးယား ဆွေးနွေးပွဲရလဒ်ကို လာမည့် ၁၀ ရက်အတွင်း ဆုံးဖြတ်မည်ဟု သမ္မတ ထရမ့်ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အမေရိကန်–အီရန်နျူကလီးယား ဆွေးနွေးပွဲ၏ ရလဒ်ကို လာမည့် ၁၀ ရက်အတွင်း ဆုံးဖြတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

တီဟီရန်အနေဖြင့် ၎င်း၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ သဘောတူညီမှုရရှိရန် ၁၀ ရက်မှ ၁၅ ရက်အထိ အချိန်ယူရမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ သမ္မတ ဒေါ်နယ်ထရမ့်က ဝါရှင်တန်၌ မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံက အီရန်နိုင်ငံနှင့် အဓိပ္ပာယ်ရှိသော သဘောတူညီချက်တစ်ခု ပြုလုပ်ရမည်ဖြစ်ကြောင်းနှင့် ယင်းသို့မဟုတ်ပါက ဆိုးရွားသော နောက်ဆက်တွဲကိစ္စများ ဖြစ်လာမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ အမေရိကန်သည် အီရန်အပေါ် စစ်ရေးအရ ဖိအားများ တိုးမြှင့်လျက်ရှိသည်။ အရှေ့အလယ်ပိုင်းသို့ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကို စေလွှတ်ရန် ပြီးခဲ့သည့်သီတင်းပတ်တွင် သမ္မတ ထရမ့်က အမိန့်ပေးခဲ့သည်။

လေယာဉ်တင်သင်္ဘော USS Gerald R. Ford သည် လေယာဉ်တင်သင်္ဘော USS Abraham Lincoln နှင့် ပူးပေါင်းရန် ကာရေဘီယံသို့ ချဉ်းကပ်ရောက်ရှိလာခဲ့ကြောင်း ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ အမေရိကန်တပ်မတော်က ယခုသီတင်းပတ်ကုန်တွင် အီရန်ကို တိုက်ခိုက်ရန် ပြင်ဆင်နေကြောင်းလည်း အဆိုပါကိစ္စနှင့် နီးစပ်သော သတင်းရင်းမြစ်များကို ကိုးကား၍ စီအင်န်အင်န်သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အာဖဂန်နစ္စတန်နိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှုအကျပ်အတည်း ပိုမိုဆိုးရွားလာ

**ကဘူး ဖေဖော်ဝါရီ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ၌ ပိုမိုဆိုးရွားလာသည့် ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က အရေးပေါ်သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အာဟာရချို့တဲ့မှု ပြင်းထန်စွာ ခံစားနေရသော ကလေးလေးဦးတွင် တစ်ဦးသာ အကူအညီများ ရရှိနိုင်ကြောင်းလည်း ဒေသတွင်း မီဒီယာတစ်ခုက ယနေ့ သတင်းဖော်ပြခဲ့သည်။

လက်ရှိတွင် အာဖဂန်နစ္စတန်လူဦးရေ၏ သုံးပုံနှစ်ပုံနီးပါးသည် စားနပ်ရိက္ခာမလုံလောက်မှုကို ဆိုးရွားစွာ ကြုံတွေ့နေရသည်။ သန်းနှင့်ချီသော ကလေးငယ်များသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အာဟာရချို့တဲ့မှု အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။

တစ်ချိန်တည်းတွင် လူသားချင်းစာနာထောက်ထားမှုရေးရာညှိနှိုင်းရေးရုံးသည် အာဖဂန်နစ္စတန်အတွက် ယခုနှစ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမိုးအကာနှင့် အခြားအခြေခံဝန်ဆောင်မှုများ လိုအပ်နေသော သန်းနှင့်ချီသော လူသန်းပေါင်းများစွာအား အရေးတကြီး ပံ့ပိုးကူညီရန် ရည်မှန်းထားကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကာလရှည်မိုးခေါင်မှု၊ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးမတည်ငြိမ်မှုများနှင့် ဒုက္ခသည်အများအပြား နေရပ်ပြန်လာမှုတို့ကြောင့် နိုင်ငံတစ်ဝန်း စားနပ်ရိက္ခာပြတ်လပ်မှု ပိုမိုပြင်းထန်လာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မြဝတီမြို့၌ ငွေကျပ် ၉၂၈၉ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြဝတီမြို့၌ ငွေကျပ်၉၂၈၉ ဒသမ ၇ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၇ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ပြည်သာယာ(၄)လမ်းရှိ အောင်လွင်(ခ) မောင်ထင်း(၂၅)နှစ် ငှားရမ်းနေထိုင်သည့် အခန်းအမှတ်(၂)အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခန်းအတွင်း ၎င်းနှင့်အတူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေသူများဖြစ်သည့် မရီရွှင်ကြည်း(၂၀)နှစ်၊ ရဲဝင်းနိုင်(ခ) ရန်ကျိုးခံ (၂၀)နှစ်၊ လောက်ချိန် (၃၉) နှစ်နှင့် ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာနေ အားစော(၃၃)နှစ်တို့ ငါးဦးကို စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၁၂ ဒသမ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၅၂ ဒသမ ၅ သိန်း)၊ အက်တက်စီဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၀၀)၊ HAPPY WATER ၄၇၅ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၈၀)၊ HAPPY WATER ရောစပ်ရာတွင် အသုံးပြုသည့် အရောင်အမှုန့် ၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ သိန်း)၊ ကက်တမင်းအရည် ၁၁၉၀ မီလီလီတာ (တစ်မီလီလီတာလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃ ဒသမ ၈ သိန်း)၊ ဘိန်းစာရွက်ပြုတ်ရည် ၆ လီတာ (တစ်လီတာလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၂ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၇၄၀)နှင့် ETHYL ALCHOL ၇ လီတာ (တစ်လီတာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၀၀၀၀)တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရားခံ မရီရွှင်ကြည်း၊ ရဲဝင်းနိုင်(ခ)ရန်ကျိုးခံ၊ အောင်လွင်(ခ)မောင်ထင်း၊ လောက်ချိန်နှင့် အားစောတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

### ဥပဒေအရ အရေးယူထား

ဆက်လက်၍ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါတိုက်ခန်းရှိ အောင်နိုင်(ခ)အားကျီ(၂၆) နှစ် ငှားရမ်းနေထိုင်သည့်အခန်းအမှတ်(၅)အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ မင်းသက်နိုင်(ခ)အားချိန်(၂၄)နှစ်၊ အောင်ကျော်နိုင်(ခ) ယောင်ချုံယု(၃၃)နှစ်၊ နေမင်းထွေး(ခ) အားကျယ် (၂၆)နှစ်နှင့် ရွှေကုက္ကိုကျေးရွာနေ အောင်မင်းသူ(ခ) ကျူးယုံအန်း(၂၄)နှစ်တို့ ငါးဦးကို စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၅၀၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀)၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၆၀)၊ အက်တက်စီဆေးပြား ၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၅၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၆၀၀)၊ ဘိန်းဆီခဲ ၅ ဒသမ ၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၈၀) နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့၁၀ ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ အောင်ကျော်နိုင်(ခ)ယောင်ချုံယု၊ နေမင်းထွေး(ခ)အားကျယ်၊ အောင်နိုင်(ခ)အားကျီ၊ အောင်မင်းသူ(ခ)ကျူးယုံအန်းနှင့် မင်းသက်နိုင်(ခ)အားချိန်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ ရပ်ကွက် (၈) နယ်မြေ(၁၃)တွင် နမ့်ပေါင်ကျေးရွာနေ သိန်းမောင်(၁၉)နှစ် မောင်းနှင်လာသော TOYOTA CROWN ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀) ကို ဖမ်းဆီးရမိသဖြင့် သိန်းမောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ ဝန်းကျင်ရှိဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ အိန္ဒိယနိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “ဇေယျာမြင့်ဝင်း” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇိုင်းဂနိုင်း (မြောက်)ရပ်ကွက်နေ ဇေယျ(ခ) ဇေယျာကြီးအား ည ၁၁ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့ အမှတ်(၂) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် မီးလောင်မှုများ လျှော့နည်းကျဆင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ထားဝယ် ဖေဖော်ဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် မီးလောင်မှုများ လျှော့နည်းကျဆင်းစေရေးနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်ရေးအတွက် ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းတွင် ဖြန့်ဝေခဲ့သည်။



ထိုသို့ဖြန့်ဝေရာတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဈေးများ၊ လမ်းဆုံလမ်းခွများ၊ ခရီးသွားလာပြည်သူများနှင့် ရပ်ကွက်အတွင်းရှိ အများပြည်သူများအား မီးဘေးလုံခြုံရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ယာဉ်များ၊ ဆိုင်ကယ်များ၊ ဆိုင်ကယ်ဘေးတွဲယာဉ်များတွင် မီးသတ်ဦးစီးဌာနသို့ အရေးပေါ် အကူအညီတောင်းခံနိုင်သည့် Hot Line ဖုန်းနံပါတ် 191၊ စတေကာ အကြီး/ အသေးများ ကပ်နှိပ်ပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင် ငါးဦး တပ်မတော်လုံခြုံရေး စခန်းမှတစ်ဆင့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် တစ်ဦး၊ တတိယတာဝန်ခံအဆင့်ရှိသူ တစ်ဦး အပါအဝင် အဖွဲ့ဝင် ငါးဦးသည် လက်နက်/ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာစဉ်။



ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့များအတွက် တာဝန်ရှိသူတစ်ဦးက စားသောက်ဖွယ်ရာများပေးအပ်စဉ်။



BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦးက ၎င်းနှင့် အတူပါလာသော လက်နက်/ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများအား တာဝန်ရှိသူတစ်ဦးထံသို့ အပ်နှံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

PDF အပါအဝင် အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့်တပ်မတော်အား ဆန့်ကျင်တိုက်ခိုက်ခြင်း၊ နယ်မြေခံပြည်သူလူထုများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများ လုပ်ဆောင်လျက်ရှိသည့် အပြင် ၎င်းတို့အဖွဲ့များ အချင်းချင်း အချိန်ကြာမြင့်လာသည်နှင့်အမျှ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ နယ်မြေလုချင်း၊ ဝေစုမတည့်ခြင်း၊ အချင်းချင်း ဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်းစသည်တို့ ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း(ခေါ်) နဂါးအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုတို့ကို မနှစ်မြို့တော့ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာခဲ့ပြီး အဆိုပါသတင်းကို ထုတ်ပြန်ပြီး ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်





၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာမှုကြောင့် ယနေ့မွန်းလွဲပိုင်းတွင် BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦး၊ တတိယတာဝန်ခံအဆင့်ရှိသူ တစ်ဦး အပါအဝင် အဖွဲ့ဝင် ငါးဦးသည် လက်နက်မျိုးစုံငါးလက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ပုလဲမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်စခန်းတစ်ခုထံသို့ လာရောက်ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှတာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီးလိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဆေးဝါးအကူအညီများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို အဆင်ပြေမှုရှိစေရေး ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် လိုအပ်သည့်စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပြီး BNRA အမည်ခံအဖွဲ့မှ ဒုတိယ အဖွဲ့ခေါင်းဆောင်နှင့် တတိယတာဝန်ခံ အဆင့်ရှိသူတို့၏ စကားသံများကိုလည်း ယခုကဲ့သို့ကြား သိရသည်။

၁။ ကျွန်တော်ကတော့ ဗမာအမျိုးသား တော်လှန်ရေးတပ်မတော် BNRA က တာဝန်ရှိတဲ့သူတစ်ဦးပါ ဗမာအမျိုးသားတော်လှန်ရေးတပ်မတော် BNRA ကိုရောက်ရှိသွားတဲ့ ပုံစံကတော့ ကျွန်တော်တို့ ၂၀၂၁ နောက်မှာ တိုင်းပြည်ရဲ့ ကောင်းမွန်တဲ့အခြေအနေတစ်ခုကို သွားကြတယ်ပေါ့။ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ လုပ်ကြတယ်လို့ ပြောကြတယ်။ တကယ့်လက်တွေ့ ဒီအခြေအနေတွေကို ဘာပဲပြောပြော ခေတ်ရေစီးကြောင်းအတိုင်း လုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့လည်း ဝင်ပြီးတော့ နိုင်တဲ့နေရာကနေ တာဝန်ထမ်းဆောင်မယ် ဆိုပြီးတော့ ဆုံးဖြတ်တယ်။ အဲဒီနောက်မှာ ကျွန်တော်လည်း မှန်မှန်ကန်ကန် လုပ်နေတယ်လို့ ယုံကြည်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လို့ ဗမာအမျိုးသား တော်လှန်ရေး တပ်မတော်ကို ဝင်ပြီးကာမှ လုပ်ဖြစ်ခဲ့တယ်။ ကျွန်တော်ဒီလိုမျိုး အလင်းဝင်ဖို့အတွက် ဆုံးဖြတ်လိုက်ရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့က ပိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရည်ရွယ်ပြီးကာမှ နိုင်ငံရေးအခင်းအကျင်းမှာ နိုင်တဲ့နေရာကနေ ဝင်ထမ်းမယ်ဆိုပြီးတော့ ဝင်ခဲ့တယ်။ ပိုကောင်းတဲ့ အခြေအနေတွေကိုလည်း ရည်ရွယ်ခဲ့တယ်။ အခုလက်ရှိ တော်လှန်ရေးထဲမှာ ဖြစ်နေတဲ့ အခြေအနေတွေက ပိုကောင်းတဲ့ အခြေအနေတစ်ခုကိုသွားနေတယ်၊ ရောက်မယ်လို့ မခံစားရတော့ဘူး။ မခံစားရဘူး ဆိုတာကလည်း ကျွန်တော်တို့ စိတ်ခံစားချက်အရ ဖြစ်တာ မဟုတ်ဘူးပေါ့နော်။ ကျွန်တော်တို့ ပကတိအခြေအနေတွေကို မြင်နေရတယ်၊ တွေ့နေရတယ်။ နောက်တစ်ခုကျတော့ လက်ရှိအခြေအနေမှာကတစ်ဖက်မှာ ကျွန်တော်တို့အပေါ်မှာ အဆုံးသတ်ရေးတွေ၊ ပျက်ပြားရေးတွေ၊ ငါနဲ့မတူငါ့ရန်သူဆိုတဲ့ပုံစံမျိုးတွေနဲ့ အဘက်ဘက်ကနေပြီး ပြည်သူတွေ အပေါ်မှာရော၊ အချင်းချင်းတွေ အပေါ်မှာရော မိတ်ဖက်ပဋိပက္ခတွေ ဆိုတာထက် ပိုတဲ့ပုံစံမျိုးတွေနဲ့ ခံစားရတယ်၊ ကြုံတွေ့ရတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီဟာတွေကိုနဖူးတွေ့ဒူးတွေ့ရင်ဆိုင်ပြီးတဲ့ နောက်မှာတော့ ဒီဟာတွေက ဘယ်နည်းနဲ့မှ ပိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရောက်နိုင်မယ်လို့ မယုံကြည်တော့ဘူး။ မယုံကြည်တဲ့အတွက်ကြောင့်မို့ တစ်ဖက်မှာလည်း ဒီဘက်ကို သွားပေါင်းမယ်ဆိုရင်လည်း အလင်းဝင်မယ်ပေါ့ဗျာ၊ အလင်းဝင်မယ် ဆိုရင်လည်း ဟုတ်ပါ့မလား၊ အဆင်ပြေပါ့မလား ဆိုတဲ့ စိုးရိမ်စိတ်လေးလည်း ရှိတာပေါ့။ တစ်ဖက်မှာလည်းပဲ ကျွန်တော်တို့ လက်တွေ့ကျကျပူးပေါင်းလိုက်တဲ့ အခါကျတော့ ပျူငှာစွာနဲ့ ကြိုဆိုတယ်။ ကျွန်တော် အလင်းဝင်လာတဲ့ အချိန်မှာဆိုရင်လည်း တာဝန်ရှိတဲ့သူတွေ ဆင့်ကဲဆင့်ကဲပေါ့၊ ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ပျူပျူငှာငှာ ဖော်ဖော်ရွေရွေနဲ့ ကြိုဆိုကြတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျန်ခဲ့တဲ့ တော်လှန်ရေး ရဲဘော်တွေ ကျွန်တော့် ရဲဘော်တွေအတွက် ပြောချင်တာက အခုလက်ရှိ အခြေအနေကနေ ကောင်းမွန်တဲ့ အနေအထားတစ်ခုကို ရောက်ဖို့ ဆိုတာ တော်တော်လေးကို မဖြစ်နိုင်တော့ဘူး။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့အသက်တွေ၊ ဘဝတွေ၊ ပျော်ရွှင်မှုတွေ၊ လွတ်လပ်မှုတွေကို ဘာအတွက် စတေးနေမှာလည်း အလင်းဝင်လာတဲ့အချိန်မှာ ကျွန်တော်တို့မြင်ထားတဲ့ ပုံစံတွေနဲ့ တခြားစီပဲ။ ကျွန်တော်တို့ကို အကောင်းဆုံးပုံစံနဲ့ ကြိုဆိုတယ်။ အဲဒါကြောင့်မလို့နီးစပ်ရာ နယ်မြေခံတာဝန်ခံတွေနဲ့ ပေါင်းစပ်ပြီးကာမှ ပူးပေါင်းကြဖို့ အလင်းဝင်ကြဖို့ ကျွန်တော်တိုက်တွန်းပါတယ်။

၂။ ကျွန်တော်ကတော့ ဗမာအမျိုးသား တော်လှန်ရေး တပ်မတော် BNRA ရဲ့ တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်ပါတယ်။ ဗမာအမျိုးသား တော်လှန်ရေး တပ်မတော်ထဲကို ဝင်ရောက်လာခြင်းက ပြည်သူလူထုအကျိုးကို အကောင်းမွန်ဆုံးလုပ်ဆောင်နိုင်မယ့် အဖွဲ့အစည်းတစ်ရပ်အဖြစ်သာ ကျွန်တော်တို့ရှုမြင်ပြီးတော့ ဝင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုအလင်းဝင်ရောက်လာတာက တော်လှန်ရေးကာလအတွင်းမှာ ပြည်သူလူထုရဲ့အကျိုးကို အကောင်းမွန်ဆုံးမဖြစ်ဘဲနဲ့ ဒီပူးပေါင်းဆောင်ရွက်တဲ့ ကဏ္ဍတွေမှာလည်း အတတ်နိုင်ဆုံး အဆင်ပြေဆုံး မရှိတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့တော်လှန်ရေးက တဖြည်းဖြည်းနဲ့ ပြည်သူလူထုတွေ ပိုပြီးဆင်းရဲမွဲတေဒုက္ခကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မြန်မာ့တပ်မတော်ရဲ့ သဘောထားအမှန်တွေကို သိရှိလာရခြင်း ဖြစ်တဲ့အတွက် အခုလိုမျိုး အလင်းဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အလင်းမဝင်ခင်မှာ ထိတ်လန့်မှုတွေရှိတာပေါ့။ ကျွန်တော်တို့ အလင်းဝင်တဲ့အခါမှာ ဖမ်းဆီးမလား၊ ထောင်ချမလား၊ တစ်ခုခုပြစ်မှုဆိုင်ရာ ကျူးလွန်ထားတဲ့ အတွက် အပြစ်ပေးအရေးယူမလားပေါ့။ ဒါပေမယ့်တကယ်တမ်း ရောက်လာတဲ့ အခါကျတော့ တပ်မတော်ရဲ့နွေးထွေးစွာ ကြိုဆိုမှု၊ ကျွန်တော်တို့ချိတ်ဆက်တဲ့ အခါမှာလည်း အကောင်းမွန်ဆုံးနဲ့ အနွေးထွေးဆုံး ကြိုဆိုပေးတဲ့ အတွက် ကျေးဇူးလည်းတင်ပါတယ်။ အခုလက်ရှိ ကျွန်တော်တို့အနေနဲ့ကတော့ အကောင်းမွန်ဆုံးနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်ကို အကောင်းဆုံး ဖော်ဆောင်ဖို့အတွက် အခုလိုမျိုးအလင်းဝင်ရောက်ခြင်း ဖြစ်ပါတယ်။ တပ်မတော်ကိုလည်းအထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ ပြောချင်တာကတော့ တော်လှန်ရေးကာလမှာ အကောင်းအဆိုးတွေကို အားလုံးသိနေတဲ့ ရဲဘော်ဝင်တွေဖြစ်တယ်။ အဲဒီတော့ အခုလက်ရှိမှာ မြန်မာ့ တပ်မတော်ကလည်း နွေးထွေးစွာနဲ့ ကြိုဆိုနေတာလည်းဖြစ်တယ်။ အဲဒီတော့ စဉ်းစားဆုံးဖြတ်ပြီး ပူးပေါင်းဆောင်ရွက်ဖို့လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ အခုကျွန်တော် ရောက်ရှိလာတဲ့ အခါမှာ ကျွန်တော့်အပေါ် အားလုံး နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပြီး ပြည်သူလူထုအတွက် အကောင်းဆုံးတွေ ရှေ့ဆက်ပြီး လုပ်ဆောင်မယ့် အရာတွေကိုလည်း ကျွန်တော့်ကို သေချာနားလည်သဘောပေါက်အောင် ရှင်းပြတဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ဖိတ်ခေါ်ပါတယ်။ ကျန်တဲ့ တပ်ဖွဲ့ဝင်များလည်း ပူးပေါင်းဆောင်ရွက်ဖို့ ချိတ်ဆက်နေတာတော့ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အလင်းဝင်လာမယ့် ရဲဘော်ရဲဘက်တွေ အားလုံးကိုလည်း နီးစပ်ရာ တပ်စခန်းတွေနဲ့ အမြန်ဆုံးချိတ်ဆက်ပြီးတော့ ကျွန်တော့်လိုမျိုး ဝင်ရောက်လာဖို့အတွက် တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတော် အစိုးရအနေဖြင့် အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ထပ်မံဝင်ရောက်လာမည့်သူများကိုလည်း တရားဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမ ည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# ချင်းအမျိုးသားနေ့ကျင်းပသည့်နေရာသို့ CDF(ဟားခါး)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် တိုက်ခိုက်မှုကို လုံခြုံရေးတပ်ဖွဲ့များက ဟန့်တားနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အေးအတူပူအမျှ အတူလက်တွဲနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများအနက် တစ်ခုအပါအဝင်ဖြစ်သော ချင်းတိုင်းရင်းသားတို့၏ အထိမ်းအမှတ်အခမ်းအနားတစ်ခုဖြစ်သည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပလျက်ရှိသည့် ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံး နေရာသို့ CDF (ဟားခါး)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အခမ်းအနားကျင်းပနေမှုကို ပျက်စီးစေရန်နှင့် အဆိုပါအခမ်းအနား တက်ရောက်လာကြသည့် အများပြည်သူများ ထိခိုက်သေကျေအောင် ရည်ရွယ်ချက်ဖြင့် FPV Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပပြုလုပ်နေသည့် ချင်းပြည်နယ် ဟားခါးမြို့ စုပေါင်းရုံးအား CDF (ဟားခါး)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခြင်း ဆောင်ရွက်ခဲ့ရာ လေကြောင်းလုံခြုံရေး တာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ပြီး အဆိုပါ Drone ယာဉ်များအား လက်ဦးမှု ရယူဟန့်တားနိုင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အခမ်းအနားကျင်းပနေသည့် နေရာသို့ ကျရောက်ပေါက်ကွဲခြင်းမရှိဘဲ အနီးဝန်းကျင်နေရာများတွင်သာ မြေပြင်ပေါ်သို့ ပျက်ကျပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် Drone ယာဉ်များတွင် ပါရှိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား စနစ်တကျ သက်မဲ့ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် လူနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။




CDF (ဟားခါး)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ချင်းအမျိုးသားနေ့ ကျင်းပနေသည့် ဟားခါးမြို့ စုပေါင်းရုံးသို့ FPV Suicide Drone များဖြင့် တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသည့် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပသည့်နေရာနှင့် အများပြည်သူအေးချမ်းစွာ နေထိုင်လျက်ရှိသည့် လူစည်ကားရာနေရာများတွင် အများပြည်သူများအား ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် စက်ဆုတ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် ယခုကဲ့သို့အဖျက်အမှောင့်လုပ်ရပ်များအား ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့ကြသည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံး ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ် ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ယနေ့ညနေပိုင်းတွင် ထပ်မံ၍ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား တပ်မတော်စစ်ကြောင်းများက ဖေဖော်ဝါရီ ၁၅ ရက်တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်ခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူများက တပ်မတော်စစ်ကြောင်းများ ၎င်းတို့၏နောက်သို့ ထပ်ကြပ်လိုက်လံ ချေမှုန်းတိုက်ခိုက်ခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ဒေသခံပြည်သူများအားထားအသုံးပြုလျက်ရှိသည့် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့အနီးရှိသံလွင်တံတား(ဖားဆောင်း)အား ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆင်ခြေတုံ့တရားမဲ့စွာဖြင့် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့ ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်း ၄ နာရီ ၃၀ မိနစ်ခန့်တွင်လည်း KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်း သူများသည် ဖားဆောင်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၈၀၀ ခန့်အကွာ ဝမ်အောင်း-ချိုကွဲ့-စောင်းလော့ လမ်းကြောင်းပေါ်ရှိ အများပြည်သူအားထား အသုံးပြုလျက်ရှိသည့် သံကူကွန်ကရစ် အမျိုးအစား ပွန်ချောင်းတံတားအား ထပ်မံ၍ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတား၏အရှေ့ဘက် ချဉ်းကပ်လမ်းနှင့် ကပ်လျက် တံတားတိုင်အမှတ်၊ K-2 မှ P-4 အထိ အရှည် ၆၅ ပေခန့် ကျိုးကျပျက်စီးသွားခဲ့ကြောင်း သိရသည်။





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဖားဆောင်းမြို့နယ်ရှိ ပွန်ချောင်းတံတားအား ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

ယခုကဲ့သို့ အများပြည်သူအဓိက သွားလာရာနှင့် ကုန်စည်များ စီးဆင်းရာတွင် အဓိကအားထား အသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်း၊ တံတားများအား တစ်ခုပြီးတစ်ခု ဆင်ခြင်တုံ တရားမဲ့စွာဖြင့် မိုင်းထောင် ဖောက်ခွဲဖျက်ဆီးနေသည့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူများကပါ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




☆ ကျောဖုံးမှ

ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဖုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ကင်းလွတ်ရာသို့ လိုအပ်သည်များ အမြန်ဆုံးရွှေ့ပြောင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဖြစ်စဉ်တွင် ခရီးသွားပြည်သူများနှင့် လေယာဉ်အမှုထမ်းများ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများက FPV Suicide Drone များအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လေယာဉ် ဖုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက် လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူများကပါ စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထိရောက်ပြင်းထန်သည့် တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ဖြစ်သော မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SAE PAING Development Ltd. နှင့် Phyo Si Thu Teak Plantation (Myanmar)တို့က အဓိကကူညီပံ့ပိုးသော ၂၀၂၆ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ဖြစ်သော မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ပြုလုပ်သည်။



နောက်ဆုံးနေ့ ပွဲစဉ်များအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ Junior Golf Myanmar တွဲဖက်အတွင်းရေးမှူး ဦးချစ်ဆွေက ပြိုင်ပွဲ လက်ခံကျင်းပပေးသော ရန်ကုန်ဂေါက်ကွင်းအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေက လက်ခံရယူသည်။ ထို့နောက် SAE PAING Development Ltd. မှ ဦးကောင်းထက်ကျော်က Junior အဆင့် အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် ၃၀၆ ချက်ဖြင့် တတိယဆုရရှိသော ဘုန်းမြတ်ကျော်၊ ၂၈၈ ချက်ဖြင့် ဒုတိယဆုရရှိသောကောင်းခန့်ဇော်၊ ၂၆၄ ချက်ဖြင့် ပထမဆုရရှိသော အောင်စိုးထွန်းတို့ကိုလည်းကောင်း၊ SAE PAING Development Ltd. မှ ဒေါ်စုပိုက်က အသက် ၁၈ နှစ်အောက်(အမျိုးသမီး)သက်တမ်းတွင် အချက် ၂၆၀ ဖြင့် ဒုတိယဆုရရှိသော Choi Hui၊ ၂၁၇ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က ၁၈ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် ၂၄၄ ချက်ဖြင့် ပဉ္စမဆုရရှိသော ခန့်ဘုန်းလျန်၊ ၂၄၃ ချက်ဖြင့် စတုတ္ထဆုရရှိသော ကျော်သံလွင်ဟိန်း၊ ၂၃၇ ချက်ဖြင့် တတိယဆုရရှိသော Choi Hwan၊ ၂၃၅ ချက်ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကို တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၃၁ ချက်ဖြင့် ပထမဆုရရှိသော ဆက်နိုင်အောင်အား ဆုပေးအပ်ချီးမြှင့်သည်။ **(အပေါ်ဝဲပုံ)**

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာပြုလုပ်ခဲ့ပြီး Alpine သောက်ရေသန့်နှင့် Burmese Golf(BG)တို့က ထပ်မံပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**သတင်း – ရှိုင်းထက်ဇော်**
**ဓာတ်ပုံ – MGF**



ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ခရိုင်တရားသူကြီးများ၏ အကြိမ်(၃၀)မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်က ကယားပြည်နယ်တရားလွှတ်တော်၌ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ထပ်ဆင့်ရှင်းလင်းပြောကြားစဉ်။ မေစု(ပြန်/ဆက်)



## အောင်လံမြို့၌ မီးဘေးလုံခြုံရေး စစ်ဆေး

အောင်လံ ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများတွင် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနက အောင်လံမြို့နယ်အတွင်းရှိ အထက(၁)၊ အထက (ရွာထောင်)၊ အထက(ပြလို့)၊ အထက(ကျီရပ်ကုန်း)၊ အထက(ညောင်ပင်ဆိပ်)စာစစ်ဌာနများတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်ဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**



## ပင်လောင်းမြို့၌ မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

ပင်လောင်း ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မြို့မဈေးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဈေးရောင်း ဈေးဝယ်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့်ပစ္စည်းများထားရှိရေး၊ မီးသတ်ဆေးဘူးအသုံးပြုပြီး စနစ်တကျ မီးငြိမ်းသတ်ပုံများကို ရှင်းလင်းပြောကြားကာ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့က ဈေးရောင်း ဈေးဝယ်သူများအား မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်သက်သက်မာနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ရဲအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများပူးပေါင်းကာ ဖေဖော်ဝါရီ ၂၀ ရက်က မိုးညိုမြို့မဈေး မီးဘေးကာကွယ်ရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။ ကိုမင်း(ပြန်/ဆက်)

## ရွှေသွေးဂျာနယ်ထွက်ရှိ




၂၁ - ၂ - ၂၀၂၆ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေး ဂျာနယ် အတွဲ(၅၈)၊ အမှတ်(၈) တွင် စက်ဘီးစီး၍ ဒဏ်ရာရသွားသော ပုပုကို သူငယ်ချင်းများက မုန့်နှင့် အားပေးစကားလာရောက်ပြောသည့်အခါ မိမိအမှားကိုသိ၍ သူငယ်ချင်းများအပေါ် အနိုင်ယူခဲ့မိသည်ကို နောင်တရသွားသည့်အကြောင်း သရုပ်ဖော်ထားသည့် "ပုပုပါဝင်သည့် အနိုင်မယူချင်တော့ပါ" မျက်နှာဖုံးကာတွန်း၊ ဥသြငှက်အကြောင်း ဗဟုသုတဖြစ်ဖွယ်ရေးသားထားသည့် "အခြားငှက်များ၏ အသိုက်တွင် ဥ ဥတတ်သော ငှက်"သုတဆောင်းပါးကဏ္ဍ၊ သူငယ်ချင်းများအပေါ် အနိုင်ကျင့်သည့် လင်းထက်အကြောင်း သရုပ်ဖော်ထားသည့် "ဖြိုးရဲနှင့် ညီလင်းထက်"နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်တွေအပေါ် အနိုင်ကျင့်ပြီး ဖမ်းစားလေ့ရှိသော မိကျောင်း၏လျှာကို ယုန်ပညာရှိက ဖြတ်လိုက်သည့်အကြောင်း ရေးသားထားသည့် "ကြောင်လျှာသီး"ပုံပြင်ကဏ္ဍ၊ ကလေးတို့ စိတ်ကြိုက်အရောင်လေးများ ခြယ်သနိုင်မည့် "ဆေးရောင်လှလှ ခြယ်ကြရအောင်"ဉာဏ်စမ်းကဏ္ဍ၊ ကျောင်းသားဆိုလျှင် ကျောင်းသားအလုပ် လုပ်ကြရမည်ဖြစ်ကြောင်း ညီပုက နီကြောင်ကို ရှင်းပြထားသည်ကို သရုပ်ဖော်ထားသည့် "ညီပု" တစ်မျက်နှာကာတွန်း၊ ချက်ပု ကျက်နေသော ပထဝီဝင်ဘာသာရပ်ကို မြေပုံနှင့်တကွ စာသားများကို ရှင်းပြပေးသည့် ချက်ပု၏ ဖခင်အကြောင်းကို ရေးသားထားသည့် "အဖေက ဆရာပါ"ဝတ္ထုကဏ္ဍ၊ သားဇော်က သူ့အရုပ်ရထားလေးကို ပျက်စီးအောင်လုပ်မိသည့် ခွေးလေးကို စိတ်ဆိုးသွားသည့်အကြောင်း သရုပ်ဖော်ထားသည့် "ဘယ်လို ဖြစ်သွားပါလိမ့်" နှစ်မျက်နှာကာတွန်း၊ မိဘများသည် သားသမီးများအပေါ်တွင် အသက်ကိုပေးကာ ဆရာများက တပည့်များအပေါ် အနာဂတ်ကိုပေးပုံနှင့် လူငယ်များသည် နည်းပညာများ ရှာဖွေသင့်ပုံအကြောင်းရေးဖွဲ့ထားသည့် "အနာဂတ်မှာ"ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

အဆိုပါဂျာနယ်ကို တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ **သတင်းစဉ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ စွမ်းရည်မြှင့်သင်တန်းပို့ချ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၈)ရပ်ကွက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အမျိုးသား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမှာစကားပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဇင်ကေသွယ်က စည်းကြပ်သော ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊နည်းဥပဒေများ၊ အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများကို သင်ကြားပို့ချပြီး လက်တွေ့အငြင်းပွားမှုဖြေရှင်းခြင်းကို သင်တန်းသားများဖြင့် ဆောင်ရွက်သည်။

**မြို့နယ်(ပြန်/ဆက်)**

**CNG (Gas)စာအုပ်နှင့် Wheel Tax မူရင်းပျောက်ဆုံးကြောင်းကြေညာခြင်း**

ဦးမျိုးဝင်းဆွေ [၁၂/အလန (နိုင်) ၁၀၆၉၄၃]အမည်ပေါက်ပိုင်ဆိုင်သော Suzuki Pickup 2C/1753 ၏ CNG ဝယ်ယူခွင့်(ဂက်စ်စာအုပ်)နှင့် Wheel Tax မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–5025453**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၄၈/၁၉(သံဒင်း)ရပ်ကွက်၊ ကံ့ကော်(၃)လမ်းထောင့်၊ မြေကွက်အမှတ်(၁၃၅၈)၊ ဧရိယာ(၄၀x ၆၀)ပေ ရှိသည့် ဦးအောင်ခိုင်မြင့် အမည်ပေါက် မြေချပါမစ်မြေကွက်အတွင်းမှ တရားဝင် မခွဲမစိတ်ရသေးသော အနေအထားဖြင့် (မြေကွက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) (၂၀ x ၆၀)ပေရှိ မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း**

အထက်ပါ မြေကွက်နှင့်နေအိမ်ကို အရောင်းအဝယ် ကတိစာချုပ် (အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သည့် **ဒေါ်ခင်သီတာဝင်း** [၁၂/ရပသ(နိုင်)၀၄၇၈၂၄]က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ရှိထား ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ဝိုင်းဇင်ဖြိုးဟန်** [၁၃/လရန(နိုင်)၂၃၆၄၇၂]က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်+နေအိမ်နှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့် ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၉၇၄၆/၂၀၁၄)**
**အမှတ်(၂၅၅)၊ မင်းရဲကျော်စွာ(၂)လမ်း(က)၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၉၈၄၁၈၊ ၀၉–၂၆၂၃၇၇၇၅၁**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် (၁၁)၊ ပန်းဝါ(၃)လမ်း၊ မြေကွက်အမှတ်(၁၁၉)၊ ဦးစောနှင်း[၁၂/ရကန(နိုင်)၀၄၇၅၃၈] ဦးမြသိန်း[၁၂/ကတတ(နိုင်)၀၁၄၇၄၃] နှစ်(၆၀)ဂရန်မူရင်း အမည်ပေါက် (၄၀x၆၀) ပေရှိ မြေကွက်မှတရားဝင် မခွဲစိတ်ရသေးသော(၂၀x၆၀)ပေ၏ နေအိမ် အပါအဝင် ယင်းနေအိမ်၌ တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် မြေကွက်၏မြေပေါ်၊ မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင်လက်ရှိလက်ဝယ် ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမည်ပေါက်ဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးစောနှင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဝင်းထွန်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးဝင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်–၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၄၆**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၂၅)၊ မြခေမာလမ်း၊ မြေကွက်အမှတ်(၄၀၂/ခ)၊ ဒေါ်အုန်းတင်(HGU–122306) စာ အမှတ်(၅၅၉)ပါမစ် မူရင်းအမည်ပေါက် (၂၀x၆၀)ပေမြေကွက်မှ နေအိမ်အပါအဝင် ယင်းနေအိမ်၌တွယ်ကပ် တပ်ဆင်ထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် မြေပေါ်၊ မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းတို့မှ အမွေဆက်ခံပိုင်ခွင့်ရှိ၍ လက်ဝယ်၊ လက်ရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးဘိုဘိုမင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြမြဆုမွန်မျိုးမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်မြမြဆုမွန်မျိုး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်–၄၈၁၇၈)**
**၀၉–၄၄၀၉၈၆၁၄၆**

**"သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာအုပ်စု၊ အုတ်စက်ကျေးရွာနေ ဦးသိန်းဇော် [၁၂/မဘန(နိုင်)၁၀၉၆၆၇]နှင့် ဒေါ်သူဇာဟန် [၁၂/မဘန(နိုင်) ၁၀၆၅၁၅] တို့၏ သားဖြစ်သူ မောင်ဇေယျာကိုကို [၁၂/မဘန(နိုင်)၁၈၅၃၆၁]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်ဇေယျာကိုကိုနှင့်ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်ဇေယျာကိုကိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဇော် [၁၂/မဘန(နိုင်)၁၀၉၆၆၇]**
**ဒေါ်သူဇာဟန် [၁၂/မဘန(နိုင်)၁၀၆၅၁၅]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ရပ်ကွက်၊ အကွက်အမှတ်(ခ–၃)၊ ဦးပိုင်အမှတ်(၄၉)၊ ၆၆လမ်း၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်မိုးလှိုင် [၁၃/ကခန(နိုင်)၀၂၉၈၅၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## အသင်းသားစုံညီ အထူးအထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အသင်းချုပ်ဖွဲ့စည်းပုံအခြေခံစည်းမျဥ်းကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီပြင်ဆင်ရန် မူကြမ်းရေးဆွဲပြုစုထားပြီးဖြစ်ပါ၍ အဆိုပါမူကြမ်းအား အတည်ပြုနိုင်ရေးအတွက် အသင်းသားစုံညီ အထူးအထွေထွေအစည်းအဝေးကို အောက်ပါအစီအစဥ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၂၀–၃–၂၀၂၆ ရက် (သောကြာနေ့) |
| ကျင်းပမည့်အချိန် | – | ၁၃:၀၀ နာရီ( ၁၂:၃၀နာရီ နေရာယူပေးပါရန်) |
| ကျင်းပမည့်နေရာ | – | ကုန်သည်စက်မှုအသင်းချုပ်၊ ပထမထပ်၊ မင်္ဂလာခန်းမ၊ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

သို့ဖြစ်ပါ၍ အသင်းချုပ်အသင်းသားများ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံစည်းမျဥ်း (မူကြမ်း)ကို ကြိုတင်ဖတ်ရှုလေ့လာနိုင်ရေးအတွက် ၂၀–၂–၂၀၂၆ ရက်တွင် အသင်းသားများထံ အီးမေးလ်ဖြင့် ဖြန့်ဝေပေးပို့ထားပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကုန်သည်စက်မှု အသင်းချုပ် Hotline Phone ၀၉–၇၇၆၉၉၉၉၂၀၊ ၀၉–၇၇၆၉၉၉၉၃၀၊ ၀၉–၇၇၆၉၉၉၉၄၀ သို့ မေးမြန်းနိုင်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

**ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်–တောင်ပိုင်းခရိုင်)၊ ယခု–တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ် (၂၀၄၂/၂၃–၁–၂၀၂၀)အရ ကွင်းအမှတ် (၀၁)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA–1) အကွက်အမှတ် (တ–၀၂)၊ မြေကွက်အမှတ် (၂၀၂၆)၊ အကျယ်အဝန်း (၄၀ ပေ x၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိမိသာလျှင် တရားဝင် အမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းရီ [၈/ဆဖန(နိုင်)၀၄၉၈၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ် – ၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၀၄၂၂၉၆**

**ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်–တောင်ပိုင်းခရိုင်)၊ ယခု–တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ် စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ် (၄၅၆၀/၂၃–၁–၂၀၂၀)အရ ကွင်းအမှတ် (၀၁)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA–1) အကွက်အမှတ် (တ–၀၆)၊ မြေကွက်အမှတ် (၀၀၈၉)၊ အကျယ်အဝန်း (၁၀၀ ပေ x ၁၀၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိမိတရားဝင် အမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ရင် [၁၂/ကမတ (နိုင်) ၀၆၀၇၆၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသွယ်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ် – ၁၃၅၃၅)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၀၀၁၉၈၂၄**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၂/ ရုံးရပ်)၊ မြေဧရိယာ(၀.၁၂၄)ရှိ မြေကွက်အမှတ်(ပ–၂၀၁၁၃)ကို အမည်ပေါက် ဦးကျော်စိုးလင်း(ဘ)ဦးညဏ်ရင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁/ မညန (နိုင်) ၀၀၅၆၂၀]၊ ဒေါ်မြသန္တာ(ဘ) ဦးအောင်ဖြိုး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မထလ(နိုင်)၂၁၄၀၈၃]နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်– ၁၈၉၊ ဦးပိုင်အမှတ်–၅–က/ ၈၇ x ၈၈လမ်းကြား၊ ၂၃ x ၂၄လမ်းကြားရှိ ဦးသာလှ၊ ဒေါ်စန်းမြင့် အမည်ပေါက် ဘိုးဘမြေကွက်အား ဇနီး ဒေါ်စန်းမြင့် ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးသာလှ [၉/မနတ(နိုင်)၀၁၄၆၈၇] က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၇၉ )၊ ၁၀၃လမ်းနှင့် ၅၁(စီ)လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း [၉/ပသက(နိုင်)၀၅၀၇၈၁]က အမှုတွဲအမှတ်(၅၁၉၇/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လှူ့မိတ်ဆွေ**

**ကန့်ကွက်နိုင်ပါသည်**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ ဝေပုလ္လ(၇)လမ်း၊ မြေကွက်အမှတ်(၅၇၉)ဟု ခေါ်တွင်သော မြေအကျယ်ပေ(၂၀x၆၀)အနက်မှ (ဂရန်မိတ္တူခြမ်း)၊ မြေအကျယ်ပေ(၁၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ ရေ/မီးပါသည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်စုဝေ[၁၂/ဥကမ(နိုင်) ၁၆၉၅၄၀]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးထွန်းသိန်း[၁၂/ဥကမ(နိုင်) ၀၁၅၁၆၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အားပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းသိန်း၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရွာချမ်းသာအိမ်ရာ၊ တိုက်အမှတ် (၁၁–ဘီ)၊ အခန်းအမှတ် (၂၅၇–၂၅၈)၏ အမည်ပေါက် ဦးကျော်ထူးအေး+၁ [၁၂/သဃက(နိုင်)၁၄၄၇၉၄]ထံမှ ဦးကျော်ဇင်သန့် [၁၂/သဃက (နိုင်)၁၄၄၇၉၃]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံ(လင့်လမ်း)အိမ်ရာ၊ တိုက်အမှတ်(ဘီ)၊ အခန်းအမှတ်(၆၀၇)၏ အမည်ပေါက် ဒေါ်လွှေ့လွှေ့[၁/မကန(ဧည့်)၀၀၁၈၉၇]ထံမှ ဒေါ်မို့မို့ခိုင် [၉/မရမ(နိုင်)၀၃၀၀၈၀]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂) ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော် ၊ ၀၆၇–၃၄၀၇၅၄၇**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ်(၃၉)၊ အခန်းအမှတ်(၂၀၅)၏ အမည်ပေါက် ဒေါ်လွှေ့လွှေ့ [ ၁/မကန(ဧည့်)၀၀၁၈၉၇ ] ထံမှ ဦးသောင်းထွန်း+၁ [၁၃/တကန(နိုင်)၀၀၄၁၉၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂) ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော် ၊ ၀၆၇–၃၄၀၇၅၄၇**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၅၁)လမ်းအိမ်ရာ၊ တိုက်အမှတ် (တာဝါ–ဘီ)၊ အခန်းအမှတ် (၁၀၀၈)၏ အမည်ပေါက် ဦးမိုးသက်ထွန်း [၁၂/ပဘတ(နိုင်) ၀၂၂၆၀] ထံမှ ဒေါ်နှင်းဝတ်ရည်ဦး [၁၂/ဗတထ(နိုင်) ၀၃၉၉၂၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂) ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

# “မွေးနေ့ဆုမွန်လွှာ”

မေမေ ဒေါ်စမ်းစမ်းရှင် မရှိချိန်မှစ၍ မေမေ့ကိုယ်စားပါ ပိုမိုချစ်မြတ်နိုးတွယ်တာရပါသော **“အချစ်ရဆုံး ဖေဖေ ဦးသိန်းအောင်”**(မြိတ်) တရားလွှတ်တော်ရှေ့နေ၏ (21– February–2026)တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေ၊ ဘေးအန္တရာယ်အပေါင်းမှလည်း ကင်းဝေးပါစေကြောင်း ချစ်ခြင်းများစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီး**

**ယုမြတ်(တရားလွှတ်တော်ရှေ့နေ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ကွံ့ကော်ရိပ်သာ-၁)၊ ကွံ့ကော်ရိပ်သာ- ၁၊ (၄)လမ်း၊ မြေကွက်အမှတ် (၁၅၀)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခေါန်နူးအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း အလျား(၁၀၀)ပေ x အနံ(၁၀၀)ပေ၊ ဧရိယာ (၀.၂၂၉)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးကျော်လင်း [၁၃/မဆတ(နိုင်) ၀၆၈၃၅၁] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဆုမွန်ထွန်း [၁၂/ရကန(နိုင်) ၀၀၀၇၀၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) ဒေါ်မျိုးမျိုးအေး (LL.B, D.I.L, Dip.D.S)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃) အထက်တန်းရှေ့နေ (စဉ်-၄၃၉၇၈)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (FMI-8)၊ မြေကွက်အမှတ် (၂၃၃)၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ (၂၄၀၀- စတုရန်းပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက် ယင်းမြေကွက်ပေါ်ရှိ အမှတ်(E-6)၊ စကားဝါ(၁)လမ်း၊ (၄)ရပ်ကွက်၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးခင်မော်ဟိန်း(ခ) ဦးမော်ဟိန်း[၁၂/ဗတထ(နိုင်)၀၀၉၁၄၃]၊ ဒေါ်ရွှေကြည်(ခ)ဒေါ်ခင်မြင့်[၁၂/ဗတထ (နိုင်) ၀၀၉၁၄၄]တို့အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားသည့် မြေကွက်၊ နေအိမ်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့တွင် သားသမီးအရင်းများဖြစ်သော (၁)ဒေါ်ဥမ္မာမော် [၁၂/ပဇတ(နိုင်) ၀၀၁၄၆၇]၊ (၂) ဒေါ်မင်းမင်းမော် [၁၂/ဗတထ(နိုင်)၀၀၁၄၆၈]၊ (၃) ဦးဟိန်းမြင့်အောင် [၁၂/ဗတထ(နိုင်) ၀၃၃၀၁၀]ဟူ၍ သားသမီး(၃)ဦးရှိပါသည်။

